
mgyoe.com
SAMPLE BOOK

# အာဂမိန်းမ

မြနှင်းဝေ



# A WOMAN MAKES A PLAN

MAYE MUSK

mgyoe.com

THAR NGE

mgyoe.com
SAMPLE BOOK

မေးလ်မက်စ်ဟာ ဖက်ရှင်ကျပြီး ဖော်ရွေတဲ့၊ ခေတ်နဲ့အမီလိုက်နိုင်တဲ့ စူပါမော်ဒယ်တစ်ယောက်။ သူ့မှာ ကြီးမားတဲ့မိသားစုနဲ့ မိတ်ဆွေအသိုင်းအဝိုင်းကြီးလည်း ရှိသေးတယ်။ အသက်က ၇၁ နှစ်။ ဒါပေမဲ့ သူ့အတွက် အရာအားလုံးက အခုမြင်ရသလောက် မလွယ်ကူသလို ဒီလိုတောက်ပလာဖို့လည်း ခက်ခဲခဲ့ပါတယ်။

သူဟာ အသက် ၃၁ နှစ်အရွယ်မှာ ဆင်ဂဲလ်မားသား ဖြစ်လာခဲ့ပါတယ်။ ကလေးသုံးယောက်ကို ပြုစုစောင့်ရှောက်ဖို့ အတော်လေးရုန်းကန်ခဲ့ရတယ်။ ပလတ်ဆိုက်ဇ်မော်ဒယ်အဖြစ် ကိုယ်အလေးချိန်ပြဿနာတွေကို ခါးစည်းခံခဲ့ရသလို မော်ဒယ်လောကရဲ့ အသက်အရွယ်တန်းပြဿနာတွေလည်း ကြုံတွေ့ခဲ့ရဖူးပါတယ်။ တစ်ဖက်မှာလည်း သူ့ဘဝတစ်လျှောက်လုံး လူလေးစားခံရတဲ့ အစိုးရအသိအမှတ်ပြု အာဟာရဗေဒပညာရှင်အဖြစ် ရပ်တည်လာခဲ့ပါတယ်။

အဲဒီကာလတစ်လျှောက်လုံးမှာ ကမ္ဘာ့တိုက်ကြီး ၂ တိုက်၊ နိုင်ငံပေါင်း ၃ နိုင်ငံရဲ့ မြို့ကြီး ၈ ခုမှာ ဘဝကို အကြိမ်ကြိမ် ပြန်စခဲ့ရတာပါ။ ဒါပေမဲ့ အရှုံးမပေးတဲ့စိတ်ဓာတ်၊ ကြံ့ခိုင်တဲ့ ဇွဲလုံ့လနဲ့ ကြိုးစားဖောက်ထွက်ခဲ့လို့ ကမ္ဘာ့အဆင့်ကျော်ကြားမှုမျိုးကို ရရှိခဲ့ပြီး အခု အသက်အရွယ်ကို သူ့ဘဝရဲ့အကောင်းဆုံးအချိန်လို့တောင် ခေါ်နေပါပြီ။

ဒီစာအုပ်ထဲမှာ မေးလ်က သူ့ဘဝနဲ့ရင်းပြီးရလာတဲ့ အကြောင်းအရာတွေဖြစ်တဲ့ အသက်မွေးမှုနဲ့ပတ်သက်ပြီး ခက်ခဲစွာရုန်းကန်ရင်း ရလာတဲ့အသိပညာတွေအကြောင်း၊ မိသားစုအကြောင်း၊ ကျန်းမာရေးအကြောင်းနဲ့ စွန့်စားခန်းတွေအကြောင်း စတဲ့ အကြောင်းအရာတွေကို မျှဝေပေးထားပါတယ်။

ဘဝမှာ ဖြစ်ပျက်လာသမျှကို ထိန်းချုပ်လို့ မရပါဘူး။ ဒါပေမဲ့ ဘယ်အရွယ်ပဲ ရောက်ရောက် ကိုယ်လိုချင်တဲ့ဘဝမျိုးကို ဖန်တီးယူလို့ရပါတယ်။ အစီအစဉ်လေးရှိနေဖို့ပဲ လိုတာပါ။

ISBN 978-99971-46-69-4
9 789997 146694 >

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

စာမျက်နှာ – ၂၄၈
စာအုပ်ဆိုဒ် – အလျား ၁၄. ၇ × အနံ ၂၁ စင်တီ။
စာအုပ်အမျိုးအစား – ဘာသာပြန်၊ အတ္ထုပ္ပတ္တိ
မျက်နှာဖုံးဒီဖိုင်း – ဇာလင်းထက်
စာတည်း – မင်းသန့်ကို (မြန်မာစာ)
အတွင်းအပြင်အဆင် – စောမာလာ
ISBN - 978 - 99971 - 46 - 69 - 4
ထုတ်ဝေခြင်း – ပထမအကြိမ်၊ ဇန်နဝါရီလ – ၂၀၂၄
အုပ်ရေ – ၁၀၀၀

ဘာသာပြန်စာမူမူပိုင် – စာရေးသူနှင့် သားငယ်စာပေ

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ် ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄/အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

## တန်ဖိုး – ၈၅၀၀ ကျပ်

**သတိပေးခြင်း**

ဤစာအုပ်ထုတ်လုပ်ဖွဲ့စည်းမှုပုံစံသည် သားငယ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှလွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင်ပြောင်းလဲ သုံးစွဲခွင့်မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

ဘာသာပြန်သူအမှာ
နိဒါန်း

## အပိုင်း – ၁
အလှတရား


| | | |
|---|---|---|
| အခန်း (၁) | ဘော်ငွေရောင်သည်လည်း အဖြူပါပဲ | ၁၇ |
| အခန်း (၂) | စွဲမက်စရာဖြစ်ပါစေ | ၃၁ |
| အခန်း (၃) | နာမည်ကြီးမော်ဒယ်ပေမဲ့ ဝတ်တော့ အနုပ်စုတ်ကုပ်စုတ် | ၃၇ |
| အခန်း (၄) | ကျွန်မက မိတ်ကပ်တွေကိုချစ်သလို မိတ်ကပ်တွေကလဲ ကျွန်မကိုချစ်တယ် | ၄၉ |
| အခန်း (၅) | ယုံကြည်မှုကစားပွဲများ | ၅၃ |


## အပိုင်း – ၂
စွန့်စားခန်း


| | | |
|---|---|---|
| အခန်း (၆) | ပန်းတွေပွင့်တဲ့ရာသီ | ၆၁ |
| အခန်း (၇) | စူးစမ်းရှာဖွေခြင်း | ၇၃ |
| အခန်း (၈) | ဘာလို့မလုပ်ရမှာလဲ | ၈၁ |
| အခန်း (၉) | အကြံရှိတဲ့မိန်းမ | ၈၇ |
| အခန်း (၁၀) | ဘဝကိုလှည့်ပတ်ကြည့်လိုက်ပါ | ၁၀၅ |


mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း – ၃
## မိသားစုဘဝ


| | | |
|---|---|---|
| အခန်း (၁၁) | အလုပ်လုပ်နေတဲ့မိခင် | ၁၁၅ |
| အခန်း (၁၂) | မှော်ဝင်တဲ့အသက် ၁၂ နှစ်သားအရွယ် | ၁၂၃ |
| အခန်း (၁၃) | အစကပြန်စခြင်း | ၁၂၉ |
| အခန်း (၁၄) | လိုအပ်လာရင် နိုင်ငံပြောင်းပြီးနေထိုင်ပါ | ၁၃၅ |
| အခန်း (၁၅) | ကြင်နာမှု | ၁၄၁ |


## အပိုင်း – ၄
## အောင်မြင်မှုများ


| | | |
|---|---|---|
| အခန်း (၁၆) | အလုပ်ခွင်မှ မိန်းမသား | ၁၅၁ |
| အခန်း (၁၇) | လိုချင်တာကိုတောင်းဆိုပါ | ၁၅၇ |
| အခန်း (၁၈) | အပျံစားခံစားချက် | ၁၆၃ |
| အခန်း (၁၉) | တစ်ကွက်ကြိုရွှေ့ပါ | ၁၇၃ |
| အခန်း (၂၀) | ပုံပျက်ပန်းပျက် | ၁၈၁ |
| အခန်း (၂၁) | အလိုလိုနာမည်ကျော်ခြင်း | ၁၈၇ |
| အခန်း (၂၂) | တစ်ကိုယ်တည်းအပျိုကြီးတွေ | ၁၉၃ |


## အပိုင်း – ၅
## ကျန်းမာရေး


| | | |
|---|---|---|
| အခန်း (၂၃) | ကောင်းမွန်စွာစားသောက်ခြင်းက ပျော်ရွှင်မှုကို ဆောင်ကြဉ်းယူနိုင် | ၂၀၃ |
| အခန်း (၂၄) | အစားအသောက်ကို ပျော်ရွှင်စွာခံစားပါ | ၂၁၇ |
| အခန်း (၂၅) | ချောကလက်တွေက ညှော်သည်တွေနဲ့အတူအိမ်ပြန် | ၂၂၅ |
| အခန်း (၂၆) | ရှေ့ဆက်ပါ | ၂၂၉ |
| အခန်း (၂၇) | လူပျော်တွေနဲ့ပေါင်းသင်းပါ | ၂၃၅ |
| အခန်း (၂၈) | ၇၁ နှစ်ရောက်ရတာ ပျော်စရာ | ၂၃၉ |
| နိဂုံး | အစီအစဉ်ချမှတ်ပါ | ၂၄၅ |


mgyoe.com

mgyoe.com SAMPLE BOOK

''ဒီစာအုပ်ကို ဆယ်ကျော်သက်မိန်းကလေးတွေရော အနှိပ်စက်ခံ ဆက်ဆံရေးမှာ ပိတ်မိနေတဲ့ အသက်အရွယ်စုံ အမျိုးသမီးတွေပါ ဖတ်သင့်ပါတယ်။ ဒါဟာ အောင်မြင်ကျော်ကြားဖို့နဲ့ အလှအပရေးရာအကြောင်း မဟုတ်ပါဘူး။ လက်မမြှောက်တတ်တဲ့၊ မျှော်လင့်ချက်ကို မစွန့်လွှတ်တတ်တဲ့ မိန်းမတစ်ယောက်အကြောင်းပါ။ 'အာဂမိန်းမ' ဆိုတာ ဘယ်အခြေအနေမျိုးကိုမဆို ကြုံလာတဲ့အခါတိုင်း အောင်မြင်အောင် ကိုင်တွယ်နိုင်တဲ့ အမျိုးသမီးပါ။ မေးလ်မက်စ်ဟာ ဘယ်သူ့အတွက်မဆို စံပြပုဂ္ဂိုလ်ဖြစ်သင့်သူပါ။ အထူးသဖြင့်တော့ အမျိုးသမီးငယ်လေးတွေအတွက်ပါ။ ဒီစာအုပ်ဟာ အားကျအတုယူစရာဖြစ်တဲ့အပြင် ပေါ်ပင်စာတွေ၊ ဆေးဝါးတွေနဲ့ပတ်သက်ပြီး အမှန်တကယ် လက်တွေ့အသုံးဝင်တဲ့ အကြံဉာဏ်တွေလဲ ပါဝင်တဲ့စာအုပ် ဖြစ်ပါတယ်''

– ကင်ဒဲလ်

စာဖတ်သူတစ်ဦး

''ဒီစာအုပ်ကို ကြိုက်တယ်။ ကျွန်မဘဝကြီး တိုးတက်အောင်လဲ တကယ်အသုံးချဖို့ ရည်ရွယ်ပါတယ်။ ကိုယ်အလေးချိန်ချဖို့ရာ ပေါ်ပင်အစားအသောက်တွေဟာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့နည်းလမ်း မဟုတ်ဘူးဆိုတာ သိလိုက်ရပြီမို့ ဝေးဝေးကရှောင်ပါတော့မယ်။ (ကျွန်မကိုယ်တိုင် အချိန်အတော်ကြာကြာ စမ်းကြည့်ခဲ့ဖူးပါတယ်)။ မေးလ်အကြံပေးချက်နဲ့အညီ ဝိတ်ချတဲ့နည်းကို ပိုမိုကျန်းမာစွာ စမ်းကြည့်တော့မယ်။ ကျေးဇူးပါ မေးလ်ရေ''

– အမေဇုန်စာဖတ်သူတစ်ဦး

mgyoe.com

mgyoe.com SAMPLE BOOK

''အသက် ၇၇ နှစ်အရွယ် ဆင်ဂလ်မားသားတစ်ဦးအနေနဲ့ ကျေနပ်မိပါတယ်။ ကိုယ် သေချာရင်းနှီးကျွမ်းဝင်နေတဲ့ ဘဝမျိုးနဲ့ ဆင်ဆင်တူနေတော့ ဒီစာအုပ်လောက် ဖတ်ရချောပြီး၊ လွယ်ကူတဲ့စာအုပ် သိပ်များများစားစား မရှိပါဘူး။ ဒီစာအုပ်ကတော့ တကယ့်ကို ကောင်းပါတယ်။ ရှေ့ဆက်ရမဲ့ ဘဝခရီးအတွက် အားဆေးတစ်ခွက်ပါပဲ''

**– အမေဇုန်စာဖတ်သူတစ်ဦး**

''ဒီစာအုပ်ကို ကျော်မသွားပါနဲ့။ အတုယူရမဲ့ ဘဝသင်ခန်းစာတွေနဲ့ ကျန်းမာ ပျော်ရွှင်စွာနေထိုင်နည်းတွေ ပါပါတယ်။ ကိုယ်ကတော့ ဒီစာအုပ်ကို သေချာစေ့ငုစွာ ဖတ်ပြီးပါပြီ။ တကယ့်ကို လက်ကမချစတမ်း ဖတ်လို့ကောင်းသလို အပြောင်းအလဲတွေ ကလဲ အလွန်စိတ်လှုပ်ရှားစရာကောင်းပြီး အတွေ့အကြုံတွေကို သေချာရှင်းပြထားတာပါ။ ဒီစာအုပ်ကိုဝယ်တာ နောင်တမရစေရဘူးလို့ ပြောပါရစေ''

**– အာရ်**

စာဖတ်သူ

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ့အမှာ

အီလွန်မက်စ်ဆိုတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ရဲ့အကြောင်း အတ္ထုပ္ပတ္တိစာအုပ်တွေက နိုင်ငံရပ်ခြားမှာရော ဒီမှာပါ (ဘာသာပြန်တွေ) ဟောတစ်အုပ်၊ ဟောတစ်အုပ်ထွက်လာတော့ သူ ဒီလိုဖြစ်လာအောင် ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိဘတွေအကြောင်းကို စိတ်ဝင်စားလာမိပါတယ်။ ကိုယ်တိုင်ကလည်း မိဘတစ်ဦးဖြစ်တဲ့အပြင် 'လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ'ဆိုတဲ့စကားပုံကလည်း ရှိနှင့်နေတာကိုး။ ဒါနဲ့ အင်တာနက်ပေါ်မှာ လျှောက်ရှာကြည့်ရာက အခု စာဖတ်တဲ့လက်ထဲမှာကိုင်ထားတဲ့ 'အာဂမိန်းမ' မေးလ်မက်စ်ဆိုတဲ့ အမျိုးသမီးကြီးအကြောင်း သွားတွေ့တယ်။ သူက အီလွန်မက်စ်ရဲ့အမေ။ အီလွန်က သူ့ရဲ့သားအကြီးဆုံး။ ကမ္ဘာကျော်စူပါမော်ဒယ်တစ်ယောက်ဖြစ်သလို ပြောင်းရွှေ့ခဲ့တဲ့ နိုင်ငံတိုင်းရဲ့ အစိုးရအသိအမှတ်ပြုလက်မှတ်ကို ရအောင်ယူနိုင်ခဲ့တဲ့ ဂုဏ်သိက္ခာရှိ အာဟာရဗေဒပညာရှင်တစ်ယောက်။

ဒီလိုပြောလို့ သူ့ဘဝက လွယ်လွယ်လေးနဲ့ ဒီလောက်အထိ လျှမ်းလျှမ်းတောက် အောင်မြင်လာတယ်ထင်ရင် မှားသွားမယ်။ အသက် ၁၅ နှစ်မှာ မော်ဒယ်ရှိုး စလျှောက်တယ်။ ၃၁ နှစ်အရွယ်မှာ အိမ်ထောင်ကွဲပြီး ဆင်ဂဲလ်မားသား စဖြစ်တယ်။ အဲဒီအချိန် သူ့လက်ထဲမှာ ကလေးသုံးယောက်ပဲ အဖတ်တင်ကျန်ရစ်တယ်။ အိမ်ထောင်ကွဲရတဲ့အကြောင်းရင်းက ယောကျ်ားဖြစ်သူက ကိုယ်ထိလက်ရောက်ရော စိတ်ပိုင်းဆိုင်ရာပါ နှိပ်စက်လွန်းလို့။ ကလေးသုံးယောက်နဲ့ အိမ်ပေါ်က ဆင်းလာပြီးတဲ့နောက် "ငါ့ကလေးတွေသာ ပထမဦးစားပေးပဲ"ဆိုတဲ့စိတ်နဲ့ မရရအောင် ရှာဖွေကျွေးမွေးတယ်။ ပြုစုပျိုးထောင်ပေးတယ်။ အမေဖြစ်သူက ပင်ပင်ပန်းပန်း အလုပ်တွေလုပ်တာမြင်တော့ ကလေးတွေဘက်ကလည်း အလိုက်သိတယ်။ ကိုယ့်ဘာသာနေတယ်၊ အမေကို ဝိုင်းကူတယ်၊ ကျောင်းစာကို အမေလှည့်ကြည့်စရာ၊ တဆူဆူတပူပူ လုပ်စရာမလိုအောင်လုပ်တယ်။ ကိုယ့်ဝါသနာ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်ရှာဖွေတယ်။ အဲဒီအတိုင်း မရရအောင် ကြိုးစားကြတယ်။ ဆိုရရင် ဘဝနာဖူးတော့ အောက်ခြေခိုင်တယ်ပေါ့။

သားအကြီးဆုံး အီလွန်မက်စ်က ရူပဗေဒနဲ့ စီးပွားရေးပညာ၊ သားလတ် ကင့်ဘဲလ်က စီးပွားရေးပညာ (နောက်ပိုင်းတော့ ဟင်းချက်ပညာဘက်ကိုပြောင်း သွားတယ်)၊ သမီးအထွေးဆုံး တော့စကာက ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးဆိုပြီး ကိုယ်စီ ကိုယ်ငှ လမ်းကြောင်းထွင်ပြီး ဖောက်ထွက်ကြတယ်။ မေးလ်က သားသမီးတွေရဲ့ဝါသနာကို လုံးဝ မစွက်ဖက်ဘူး။ ပျိုးထောင်ပေးပြီး လိုအပ်တဲ့အားပေးကူညီမှု၊ ငွေကြေးထောက်ပံ့မှုပဲ လုပ်ပေးတယ်။ သားသမီးတွေကို ယုံကြည်ပေးတယ်၊ ပံ့ပိုးပေးတယ်။ စိတ်ဓာတ်ကျအောင် ဟန့်တားတာ၊ ချုပ်ချယ်တာမျိုး လုံးဝမလုပ်ဘူး။ တစ်ဖက်မှာလည်း သူကိုယ်တိုင်က "ငါ့မှာ ရှင်သန်စရာဘဝရှိသေးတယ်" ဆိုတာကို မမေ့ဘူး။ ကိုယ့်ဘဝအတွက် ကိုယ်ကြိုးစားတယ်။ အာဟာရဗေဒမှာ ပါရဂူဘွဲ့ရတဲ့အထိ ပေါက်ရောက်ခဲ့တယ်။ တစ်ဖက် မှာလည်း အိမ်ထောင်ရေးကံခေလို့ အချစ်ဆိုတာကို စိတ်ပျက်မသွားဘူး။ ဒါပေမဲ့ ကြုံလာ ရတဲ့ အမျိုးသားတွေကတော့ စိတ်ပျက်စရာတွေချည်းမို့ အခုအချိန်မှာ အီလွန် လက်ဆောင် ပေးထားတဲ့ ခွေးကလေးနဲ့ပဲ အဖော်ပြုပြီးနေတော့တာ။ သူပြောထားတဲ့ စကားတစ်ခွန်း ရှိပါတယ်။ "တခြားဟာတွေမှာ ကျွန်မအကြံပေးလို့ရပေမဲ့ အချစ်ရေးနဲ့ ပတ်သက်လာ ရင်တော့ ကျွန်မဆီက အကြံလာမတောင်းပါနဲ့"တဲ့။

အသက် ၇၁ နှစ်တိုင် ဒီနေ့အထိ မော်ဒယ်လုပ်နေသူမို့ စတိုင်လ်ကျ လှပနေ တာကို မြင်နေတွေ့နေရပေမဲ့ တကယ်တမ်း အိမ်မှာနေရင် လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ ပါးပါးနေတတ်သလို အပြင်ထွက်ချိန်မှာတော့ ဘယ်လိုဖက်ရှင်အထာ ကန့်သတ်မှုမျိုးမှ မရှိတဲ့သူပါ။ သူဟာ ဟစ်ဟော့ဖက်ရှင်လို လူငယ်တွေကြား ရေပန်းစားတဲ့ဖက်ရှင်တွေ မှာလည်း လေးစားစရာ အောင်မြင်မှုမျိုး ရထားတဲ့သူပါ။ အသစ်အသစ်တွေကို သင်ယူလို စိတ်ပြင်းပြပြီး ဖောက်ထွက်ဖို့ အကြံပြုချက်တွေကို လက်သင့်ခံလိုက်ဖို့ ဝန်မလေးတဲ့ လူစားမျိုးလဲ ဖြစ်ပါတယ်။ စားသောက်တဲ့အခါမှာလည်း တန်ဆေးလွန်ဘေးဆိုတာကို လက်ကိုင်ထားပြီး စိတ်မထိန်းနိုင်ရင်စားမိမှာစိုးလို့ ဘယ်လောက်ကောင်းတဲ့ ချောကလက်ပဲ ဖြစ်ဖြစ် လွှင့်ပစ်တတ်သူ ဖြစ်ပါတယ်။ ခန္ဓာကိုယ်အလေးချိန် လျော့ကျစေမဲ့ ပေါ်ပင် ဆေးဝါးတွေ၊ အစားအသောက်တွေကို လုံးဝအားမပေးဘဲ သဘာဝအတိုင်းပဲ စားသောက် စေချင်တဲ့ စေတနာမှန်တဲ့သူပါ။

mgyoe.com

mgyoe.com SAMPLE BOOK

လူတွေက အော်ဂဲနစ်ကို စားရမှန်းသိတယ်၊ စားလည်းစားချင်ကြတယ် ဒါပေမဲ့ အော်ဂဲနစ်စစ်စစ်ကိုစားဖို့ မတတ်နိုင်သလို ရှာရလဲမလွယ်ပါဘူး။ အဲဒီအတွက်ကြောင့် နဲ့တော့ ဟင်းသီးဟင်းရွက်ကို မစားဘဲမနေပါနဲ့ရယ်လို့လဲ တိုက်တွန်းတတ်ပါသေးတယ်။ ဒီလိုပြောလို့ ကျန်းမာရေးနဲ့ကိုက်ညီတာမို့ မကြိုက်တာကို အတင်းကြိတ်မှိတ်ပြီး စားရမယ် လို့လဲ ဖိအားမပေးတတ်ပါဘူး။ သူက ကိုက်လန်ကိုမကြိုက်ပါဘူး။ ခါးလို့ပါတဲ့။ အဲဒီတော့ ''မကြိုက်ရင် မစားဘူး၊ ကြိုက်တဲ့ဟင်းသီးဟင်းရွက် ပိုစားမှာပေါ့''လို့ ဆိုတတ်သူမျိုးပါ။ ဆိုတော့ သူ့လို ပွင့်လင်းတဲ့စိတ်ထားနဲ့အမြင်ရှိပြီး ပကတိအမှန်တရားကိုမြင်တတ်တဲ့၊ လက်ခံတတ်တဲ့၊ စေတနာမှန်တဲ့သူ၊ အသစ်အသစ်တွေကို သင်ယူဖို့အတွက် စိတ်ကိုဖွင့် ထားတဲ့သူ၊ ကျန်းမာရေးလိုက်စားပြီး ပျော်ပျော်နေတတ်သူ အောင်မြင်တာ မဆန်းပါဘူး။

ဒီစာအုပ်ဟာ သူ ဘယ်လိုအောင်မြင်ကြောင်း ကိုယ်ရည်သွေးတဲ့စာအုပ် မဟုတ် သလို၊ အလှအပအတွက်၊ ကိုယ်အလေးချိန်ချဖို့အတွက် လမ်းညွှန်စာအုပ်လဲ မဟုတ်ပါဘူး။ လတ်တလောမှာ သူ့ရဲ့အောင်မြင်ကြွယ်ဝမှုတွေကို ထုတ်ကြွားတာ၊ အားကျလာအောင် ဟိတ်ကြီးဟန်ကြီးနဲ့ လေတစ်လုံးမိုးတစ်လုံး ပြောထားတာတွေ မပါပါဘူး။ စာအုပ်ထဲက သဘောကျတဲ့နေရာလေးတွေရွေးထုတ်ပြီး အမှာစာသဘောမျိုးရေးပေးပါလို့ ထုတ်ဝေ သူကဆိုလာတော့ ဒီစာကိုရေးရင်းက တစ်အုပ်လုံးကို အနှစ်ချုပ်ထုတ်သလို ဖြစ်သွားမှာ စိုးလို့ စာဖတ်သူကိုယ်တိုင်သာ ဖတ်ကြည့်ကြပါတော့လို့ပဲ ပြောပါရစေတော့။

စာဖတ်သူလည်း ဒီစာအုပ်ထဲက ''အာဂမိန်းမ'' မေးလ်မက်စ်အကြောင်း ဖတ်ကြည့်ပြီး အကျိုးရလဒ် တစ်စုံတစ်ရာရသွားမယ်ဆိုရင် ဘာသာပြန်ရကျိုးနပ်ပြီလို့ ယူဆပါတယ်။ ဖတ်ရတာ အဆင်မပြေတာ၊ နားမလည်တာများရှိခဲ့ရင်လည်း မေတ္တာ ရှေ့ထား ခွင့်လွှတ်ပေးကြပါလို့ . . .

မြူနှင်းဝေ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

## စွန့်စားပါ၊ သတိရှိရှိနေပါ

## အစီအစဉ်ချပါ၊ အခွင့်အရေးကိုဆုပ်ကိုင်ပါ

ကျွန်မက လေယာဉ်တစ်စီးပိုင်ပြီး စူးစမ်းရှာဖွေရတာကို သဘောကျတဲ့မိသားစုမှာ ပေါက်ဖွားကြီးပြင်းခဲ့ရသူပါ။ ကျွန်မမိဘတွေက ကနေဒါ၊ အမေရိကန်၊ အာဖရိက၊ ဥရောပ၊ အာရှနဲ့ ဩစတြေးလျနိုင်ငံတွေဆီကို ဂျီပီအက်စ် မပါ၊ ရေဒီယို မရှိ၊ ကင်းဗတ်စနဲ့ အုပ်ထားတဲ့ ပန်ကာတစ်လုံးတပ်လေယာဉ်ကလေးနဲ့ အကြိမ်ကြိမ် ပျံသန်းခဲ့ဖူးပါတယ်။ ကလေးဘဝတုန်းကတော့ ဖေဖေနဲ့မေမေဟာ ကာလာဟာရီသဲကန္တာရထဲက ပျောက်ဆုံးနေတဲ့ မြို့တော်ကို ရှာဖွေဖို့ ဆောင်းရာသီရောက်တိုင်း ခရီးခေါ်ထွက်ခဲ့ဖူးပါတယ်။ ပြန်တွေးကြည့်ရင်းမှ ကလေးငါးယောက်၊ သုံးရက်စာ အစာရေစာတွေရယ်၊ အိမ်မြှောင်တစ်လုံးရယ်နဲ့ ခရီးထွက်တာဟာ အန္တရာယ်ဘယ်လောက်များမှန်း သိရပါတော့တယ်။ ဒါပေမဲ့ ကျွန်မမိဘတွေဟာ ကျွန်မတို့ခရီးစဉ်အတွက် အသေးစိတ်ကအစ သေချာစီမံထားကြတာပါ။ ကျွန်မတို့မိသားစုရဲ့ ဆောင်ပုဒ်ကိုက **'စွန့်စားပါ၊ သတိရှိရှိနေထိုင်ပါ'**တဲ့လေ။ ဖေဖေက စွန့်စားခန်းကိုရှာဖွေပေမဲ့ မမျှော်လင့်ထားတာတွေအတွက်လဲ အဆင်သင့်ရှိရမယ်ဆိုတာကို သိနားလည်သူပါ။ အဲဒါကြောင့်ပဲ ကျွန်မကလဲ အမြဲတမ်းလိုလို စူးစမ်းလိုစိတ်ရှိပြီး ရှာဖွေချင်စိတ် ပြင်းပြနေသူဖြစ်ခဲ့တာပေါ့။ နောက်ပြီး သေချာပြင်ဆင်ထားသရွေ့ ဘယ်လို စွန့်စားမှုမျိုးကိုမဆို လက်ခံနိုင်တယ်ဆိုတာ သိလာခဲ့တယ်လေ။

ကျွန်မ ကြီးပြင်းလာချိန်တစ်လျှောက် ကြားဖူးနားဝရှိခဲ့တဲ့ အာဖရိကဆိုရိုးတစ်ခု ရှိပါတယ်။ "n Boer maak n plan" တဲ့။ အဓိပ္ပာယ်ကတော့ ''လယ်သမား တစ်ယောက်ဟာ ကြိုတင်ပြင်ဆင်လေ့ရှိတယ်''တဲ့။ ပြီးတော့ ဒါဟာ တောင်အာဖရိက

mgyoe.com

mgyoe.com SAMPLE BOOK

မှာတော့ လူတွေတစ်ချိန်လုံး ပြောနေကျစကားတစ်ခွန်းပါပဲ။ ကြိုတင်ပြင်ဆင်မှုဟာ ဘယ်လောက်ပဲ ကြီးကြီးသေးသေး၊ ဦးတည်ချက်ပြောင်းတဲ့အချိန်နဲ့ ပြဿနာတစ်ခုခုကို ဖြေရှင်းတဲ့ အချိန်တို့မှာ အမြဲတမ်းအသုံးချဖို့ လိုအပ်လေ့ရှိတတ်တယ်လို့ ဆိုလိုတာပါ။ အရှေ့မှာ ဘယ်လိုအခက်အခဲ အတားအဆီးတွေပဲရှိနေပါစေ ဒါကို သေချာရှာပါ၊ ပြီးရင် ဖြေရှင်းဖို့နည်းလမ်းကို စဉ်းစားပြီး ဖြေရှင်းပစ်ပါလို့ ဆိုလိုတာပါပဲ။

ပထမတော့ ကျွန်မက ဒီစာအုပ်ကို 'ရှန်းကန်ရှင်သန်ခြင်း'လို့ နာမည်ပေးမလို့ပါပဲ။ ဒါပေမဲ့ အဲဒီလိုဆို ကြားရတာ စွဲမက်လောက်စရာမရှိဘူးလေ။ စာဖတ်သူကိုယ်တိုင်လည်း ဒီစာအုပ်ကိုဖတ်မိတဲ့အချိန်မှာ ကျွန်မလောက် ရှန်းကန်လှုပ်ရှားရတာမျိုးမရှိဘဲ ပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်စေဖို့ပဲ ဆုတောင်းပေးချင်ပါတယ်။ ကျွန်မဘဝမှာ မကြာခဏ ဆိုသလို အမှားကြီးမှားရတာမျိုးတွေ ကြုံခဲ့ရပါတယ်။ ပြီးတော့ အဲဒီအကြိမ်တိုင်း အစီအစဉ် သေချာချမှတ်ပြီး ပြန်ရှန်းထရတာပါပဲ။ မိန်းမတစ်ယောက်အနေနဲ့ ကိစ္စရပ်တွေကို ကြိုတင် စီမံရတယ်။ ပြီးရင် ပြန်လည်သုံးသပ်ပြီး အခြေအနေနဲ့ မကိုက်ညီရင် ဖျက်သိမ်းလို့ နောက်ထပ်အစီအစဉ်တစ်ခု ထပ်ဆွဲရတာပါပဲ။ (ဒါနဲ့ အဲဒါ အမျိုးသားတွေမှာလည်း ဖြစ်တတ်ပါတယ်နော်)။

ကျွန်မဟာ ဘဝကို ကြိမ်ဖန်များစွာ အစကနေ ပြန်စခဲ့ရဖူးပါတယ်။ နောက်ပြီး အရွယ်ရောက်လာပြီးတဲ့နောက် နိုင်ငံသုံးခုရဲ့ မြို့ကြီးကိုးနေရာမှာ အခြေချနေထိုင်ခဲ့ဖူး ပါတယ်။ ကျွန်မအနေနဲ့ ကျွန်မလိုဘဝကို အစကနေ ပြန်ပြန်စဖို့တော့ အားမပေးလိုပါဘူး။ ဒါပေမဲ့ အဲဒီလိုပြန်စဖို့ လိုအပ်ခဲ့ရင်လည်း ကြိုတင်အစီအစဉ်ချ၊ စီမံထားဖို့တော့ လိုပါ လိမ့်မယ်။ အခွင့်အရေးတွေကို သေချာဖမ်းဆုပ်နိုင်ခဲ့ရင် ပိုမိုပျော်ရွှင်ပြီး စိတ်လှုပ်ရှားစရာ ကောင်းတဲ့ ဘဝမျိုးမှာ နေထိုင်နိုင်မှာ အသေအချာပေါ့ရှင်။ အစပိုင်းမှာ ကျွန်မဟာ အခွင့်အရေးအတော်များများကို မရအရ ဖမ်းဆုပ်ပြီး ရှန်းကန်လှုပ်ရှားခဲ့ရပေမဲ့ ကျွန်မရဲ့ တစ်သီးပုဂ္ဂလဘဝနဲ့ စီးပွားရေးဘဝတွေမှာ အောင်မြင်မှုရတဲ့အထိ အားမလျှော့ခဲ့ပါဘူး။ ဘဝမှာ အပြောင်းအလဲတွေအတွက် အသေးစိတ်လေးတွေကအစ လိုက်ပြီး အစီအစဉ် ချမှတ်နေဖို့ မလိုအပ်ပါဘူး။ လာသမျှဘေး အချိန်တန်ရင် ပြေးတွေ့လိုက်ဖို့ပါပဲ။ နောက်ပြီး မတူညီတဲ့ ပြဿနာတွေကလည်း တစ်ချိန်မဟုတ်တစ်ချိန် ကြုံလာမှာပဲလေ။ ဒါပေမဲ့ ပထမဆုံးခြေလှမ်းကိုတော့ သေချာပြင်ဆင်ထားဖို့ လိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝရဲ့ အချိုးအကွေ့တိုင်းမှာ အံ့သြစရာတွေ အပြည့်ပါပဲ။ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်မိသားစုနဲ့ မိတ်ဆွေသူငယ်ချင်းတွေကို ကြည့်ကောင်းအောင်၊ ပျော်ရွှင်အောင်၊ အလုပ်မှာ အောင်မြင်မှုရအောင်၊ ဘဝမှာစွန့်စားမှုအပြည့်နဲ့ နေထိုင်နိုင်အောင် ဂရုစိုက်ပေးရတာဟာ တစ်ချိန်တည်းမှာ တွေးစရာတွေအများကြီးကိုပေးပါတယ်။ ဒါပေမဲ့ တကယ်လို့ ပထမဆုံးခြေလှမ်းကိုသာ စလှမ်းလိုက်နိုင်မယ်၊ နောက်ပြီး နောက်ထပ်တစ်လှမ်းကို ထပ်လှမ်းနိုင်ခဲ့မယ်ဆိုရင် အရှေ့ကို စိုက်လိုက်မတ်တပ်ဆက်လှမ်းနိုင်မှာ အသေအချာပေါ့ရှင်။

ကျွန်မအခြေအနေတွေ ဆိုးဝါးနေတုန်းက အချစ်ဝတ္ထုတွေနဲ့ စိတ်ဓာတ်မြှင့်တင်ရေးစာအုပ်တွေ အများကြီးဖတ်ပစ်လိုက်တယ်။ အဲဒီစာအုပ်တွေက ကျွန်မကို မျှော်လင့်ချက်တွေပေးပါတယ်။ အခုလို ကျွန်မရဲ့အတွေ့အကြုံတွေကို မျှဝေပေးခြင်းကနေလဲ စာဖတ်သူအတွက် မျှော်လင့်ချက်တွေ ပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်နော်။

ကျွန်မ ဒီအသက်အရွယ်အထိ ရောက်လာရတာဟာ တကယ့်ကို အံ့ချီးစရာပါ။ ကျွန်မဟာ ဆယ်စုနှစ် ခုနစ်စုကို ကျော်ဖြတ်လာခဲ့ပြီးပြီ။ အောင်မြင်တဲ့ အလုပ်အကိုင်နှစ်ခုမှာလည်း ပျော်ရွှင်ခဲ့ဖူးပါတယ်။ နောက်ပြီး ကလေးသုံးယောက်ကိုလည်း ပြုစုပျိုးထောင်ခဲ့ပြီးပါပြီ။ မြေးဆယ့်တစ်ယောက်ရဲ့ ဘွားဘွားလည်း ဖြစ်နေပါပြီ။ နောက်ပြီး အခုဆိုရင် ကျွန်မဟာ တောင်းဆိုခံရတာများတဲ့ ကျန်းမာရေးဆိုင်ရာ ဟောပြောသူနဲ့ မော်ဒယ်တစ်ဦးလည်း ဖြစ်ပါသေးတယ်ရှင်။ ဒီစာအုပ်ရေးပေးဖို့တောင် တောင်းဆိုခံခဲ့ရတာရှင့်။ ဒါကြောင့်မို့ အသက် ခုနစ်ဆယ့်တစ်နှစ်အရွယ် ရောက်လာတာ မိုက်တယ်လို့ ပြောတာပေါ့။ နေ့စဉ်နေ့တိုင်း စိတ်လှုပ်ရှားစရာတွေနဲ့ နိုးထလာရတာမျိုးပါ။

တကယ်လို့ စာဖတ်သူကလည်း အကောင်းမြင်စိတ်ထားမယ်၊ ကြိုတင်စီမံမှု ရှိမယ်၊ အခွင့်အရေးကို ဖမ်းဆုပ်တတ်မယ်ဆိုရင် အင်္ဂါဂြိုဟ်ကိုတောင် ရောက်နိုင်တယ် မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း – ၁

# အလှတရား

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၁

## ဘော်ငွေရောင်သည့်လည်း အဖြူပါပဲ

### ဘဝသည် ပိုကောင်းလာဖို့သာရှိ၏

အသက် ၅၉ နှစ်အရွယ်မှာ ကျွန်မက ဆံပင်တွေကို ငွေရောင်အတိုင်း ထားလိုက်ပါတော့တယ်။ နောက်နှစ်နှစ်ကြာတော့ ကျွန်မက နယူးယောက်မဂ္ဂဇင်းရဲ့ မျက်နှာဖုံးမှာ သရွေ့တည်ပြီး ပါလာပါရောဗျ။ (တကယ်ကိုယ်ဝန်ရှိတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဟာ အမှန်တကယ် စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်) အသက် ခြောက်ဆယ့်ခုနစ်နှစ်မှာ နယူးယောက်ဖက်ရှင် ရက်သတ္တပတ်ရဲ့ ရှိုးပွဲတွေမှာ ကျွန်မ အသက်ရဲ့ သုံးပုံတစ်ပုံအရွယ်ပဲရှိသေးတဲ့ အမျိုးသမီးလေးတွေနဲ့အတူ ပထမဆုံးအကြိမ် အဖြစ် ရှိုးလျှောက်ရပါတော့တယ်။ ခြောက်ဆယ့်ကိုးနှစ်အရွယ်မှာ မျက်နှာဖုံးရှင်မော်ဒယ် ဖြစ်လာပါရောလေ။

စာဖတ်သူ ဒီလိုအဖြစ်မျိုး တွေးကြည့်မိသလား။ ကျွန်မကတော့ ဘယ်တုန်းကမှ တွေးတောင်မတွေးထားမိပါဘူး။ ကျွန်မဆံပင်တွေကို သဘာဝအတိုင်း အဖြူရောင်အဖြစ် ထားလိုက်ခြင်းဟာ စူပါမော်ဒယ်တစ်ယောက် ဖြစ်လာစေမဲ့ လျှို့ဝှက်ချက်တစ်ခု ဖြစ်လိမ့် မယ်ရယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့မိရိုးအမှန်ပါ။ ပထမဆုံးအကြိမ် မော်ဒယ်ရှိုး စလျှောက်တော့ ကျွန်မအသက်က ဆယ့်ငါးနှစ်။ လူတွေက အသက်ဆယ့်ရှစ်နှစ်မှာတင် မော်ဒယ်ဘဝ နိဂုံးတံမယ်လို့ ပြောကြတယ်။ မော်ဒယ်တစ်ယောက်အနေနဲ့ဆို ကျွန်မက အဲဒီလောက်အထိ ကြာရှည်ခံလိမ့်မယ်လို့တောင် မမှန်းဘူးရယ်။ ခုနစ်ဆယ့်တစ်နှစ်အထိဆို ပိုလို့တောင် မမှန်းသေးတယ်။ ဒါပေမဲ့ အခုတော့ ငါးဆယ့်ခြောက်နှစ်ကြာပြီးတဲ့အချိန်မှာ ပထမဆုံးအကြိမ်အဖြစ် အစက ပြန်စနေရပါပေါ့လား။

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးတွေဆိုတာ အသက်ကြီးလာလို့ အရှိန်လျှော့ပစ်စရာမလိုဘူး။ ကျွန်မကတော့ ပြောင်းဝကထွက်လာတဲ့ ကျည်ဆံတစ်တောင့်လို အရှိန်ပြင်းပြင်းနဲ့ ပြေးနေတုန်းပဲ။ အရာရာကို ရှာဖွေစူးစမ်းတယ်၊ ပျော်စရာရှိရင် ပျော်လိုက်တယ်၊ အရင်ကထက် ပိုပြီး အလုပ်တွေ ကြိုးစားလုပ်တယ်။ အလုပ်တွေလုပ်နေမှန်း သိအောင်လဲ ဆိုရှယ်မီဒီယာတွေပေါ်မှာ တင်ပြတယ်။ ပြီးတော့ ပျော်စရာတွေ ရှိနေရင်လည်း မလွတ်စေရဘူး။ ပျော်ရွှင်စရာလို့ ပြောလိုက်မိသလား။ တကယ်လို့ အမျိုးသားတွေတောင်မှ အရှိန်မလျှော့သေးရင် ကျွန်မတို့ကရော ဘာလို့များ လျှော့ရမှာတဲ့လဲ။ အသက်ကြီးလာခြင်းဆိုတဲ့အဖြစ်က ကိုယ့်ကို အရှိန်တန့်သွားအောင်၊ ရှေ့မဆက်နိုင်အောင် တားဆီးထားတဲ့အဖြစ်မျိုး အရောက်မခံပါနဲ့။ ကောင်းကောင်းမွန်မွန်စားသောက်၊ တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်နဲ့ ယုံကြည်ချက်ရှိရှိနေ၊ ပြုံးထား။ ဒီနည်းလမ်းအတိုင်း ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ပါ။ ကျွန်မကတော့ အသက်ကြီးလာရတာကို ဘယ်တော့မှ မကြောက်ခဲ့ဖူးဘူး။ ရယ်စရာကောင်းတာက အသက်ခြောက်ဆယ်ကျော်လာတဲ့အချိန် ကျွန်မမျက်နှာပေါ်မှာ၊ လက်မောင်းမှာ၊ ပေါင်တွေမှာ အရေတွန့်လာတာကို မြင်ရတဲ့အခါ ပျော်တောင်နေသေး။ ဒီအချိန်အထိ ကျန်းမာရေးကောင်းနေသေးတာကို ပျော်နေမိတာလေ။

+ + + + +

ကျွန်မ ဆယ်ကျော်သက်အရွယ် တောင်အာဖရိကနိုင်ငံ ပရီတိုရီးယားမြို့ကလေးမှာ မော်ဒယ်ဘဝ စတင်ခဲ့ပါတယ်။ အကြောင်းက ကျွန်မမိဘများရဲ့ မိတ်ဆွေတစ်ယောက်က မော်ဒယ်သင်တန်းကျောင်းနဲ့ အေဂျင်စီထောင်ထားခဲ့တာကြောင့်ပါ။ သူ့နာမည်က လက်တီလို့ခေါ်ပြီး သူ့အမျိုးသားကလဲ ဖေဖေ့လိုပဲ လေယာဉ်တစ်စီးပိုင်ပါတယ်။ တနင်္ဂနွေညတိုင်း သူတို့က ကျွန်မတို့မိသားစုနဲ့အတူ ညစာလာစားတတ်ပါတယ်။ လက်တီက သိပ်ကိုလှပပြီး ကျက်သရေရှိတဲ့ အမျိုးသမီးပါ။ ပြီးတော့ သူ(မ) တောင်းဆိုတာကို လူတိုင်းက လိုက်နာရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိသူတစ်ယောက်ပါ။

ကျွန်မနဲ့အမြွှာညီအစ်မကေးလ်တို့ အသက် ၁၅ နှစ်ရောက်တဲ့အခါ လက်တီက သူ့ရဲ့ မော်ဒယ်သင်တန်းမှာ အခမဲ့လာတက်ဖို့ ဖိတ်ခေါ်ပါတယ်၊ ဒါနဲ့ ကျွန်မတို့ ညီအစ်မလဲ သိပ်မတွေးမိဘဲသွားတတ်လိုက်တာပေါ့။ သင်တန်းဆင်းလက်မှတ်ပေးတဲ့အချိန် နောက်ဆုံးတစ်ကြိမ် ရှိုးလျှောက်ဖို့ရာ ကျွန်မဟာ ရှန်နဲလ်စတိုင် ပန်းရောင်ဝတ်စုံနဲ့ပေါ့။ ကျွန်မရဲ့


mgyoe.com

mgyoe.com SAMPLE BOOK

ဆံပင်ညိုညိုကိုလည်း ကိုယ့်ဘာသာပြင်ထားတာဖြစ်ပြီး မျက်နှာပေါ်ကမိတ်ကပ်ကလဲ ကိုယ့်ဘာသာလိမ်းတာပါ။

လက်တီကပဲ ကျွန်မကို မော်ဒယ်အဖြစ် စပြီးငှားခဲ့တာပါ။ သူတောင်းဆိုလာတဲ့ အကြိမ်တိုင်း ကုန်တိုက်တစ်ခုခုမှာ စနေနေ့မနက်ခင်းတိုင်း မော်ဒယ်ရှိုးလျှောက်ပြရတာမျိုး ရှိသလို ပုံနှိပ်စာစောင်တွေအတွက်လဲ ကိုယ်ဟန်ပြပေးရပါတယ်။ မော်ဒယ်တစ်ယောက် ဖြစ်ရလို့ ထူးကဲပြီး အခွင့်ထူးခံအဖြစ် ခံစားရမျိုးလဲ မရှိပါဘူး။ ဒါဟာ အလုပ်တစ်ခုပါပဲ။ တခြားအလုပ်တွေထက် ပိုက်ဆံပိုရတယ်။ အဲဒီတော့ ကောင်းတာပေါ့။ ဒါပေမဲ့ အဲဒီ အချက်ကို သိလိုက်ရချိန်မှာတော့ ကျွန်မ အတော်လေးအံ့ဩသွားမိပါတယ်။ နေရာ တစ်ခုကို ရောက်သွားမယ်။ သူတို့ဝတ်ခိုင်းတဲ့ ဝတ်စုံကိုဝတ်မယ်။ အခန်းထဲမှာ လမ်းပတ် လျှောက်ပြမယ်။ ပြီးရင် အိမ်ပြန်လာမယ်။ ဒါပဲလေ။ အဲဒါကိုဘာကြောင့်များ ပိုက်ဆံတွေ အများကြီးပေးကြတာပါလိမ့်ပေါ့။ ဒါပေမဲ့ တကယ်ကို ပေးကြပါတယ်။ အထူးသဖြင့် ကျွန်မတို့အရွယ် မိန်းကလေးတွေကိုပေါ့။

အဲဒီတုန်းကတော့ ကျွန်မအသက် ခုနစ်ဆယ့်တစ်နှစ်အထိ မော်ဒယ်တစ်ယောက် အဖြစ် ဆက်ရှိနေလိမ့်ဦးမယ်လို့ မထင်ခဲ့မိရိုးအမှန်ပါ။ ဒီအတွေးကိုနားလည်ဖို့ဆိုရင် ခန်းမထဲ ဝေ့ဝဲကြည့်လိုက်ဖို့နဲ့ တွေ့လိုက်ရသမျှ မော်ဒယ်မိန်းကလေးတွေဟာ အသက်အရွယ် အားဖြင့် အလွန်ငယ်နေသေးမှန်း မြင်တွေ့လိုက်ရမှသာ နားလည်ပါလိမ့်မယ်။ ဒါဟာ ယာယီအလုပ်ပဲဆိုတာ ကျွန်မသိပေမဲ့ အဲဒါကြောင့်အတွက်နဲ့တော့ ဘယ်လိုမှ မခံစားရ ပါဘူး။ ပိုက်ဆံရတော့လည်း ပျော်နေတာပါပဲ။ ကျွန်မရဲ့ ရည်မှန်းချက်ပန်းတိုင်က မော်ဒယ် လုပ်ဖို့ မဟုတ်ဘူးလေ။ တက္ကသိုလ်တက်ရဖို့ပဲဟာ။

အံ့ဩစရာကောင်းတာက တက္ကသိုလ်ရောက်တော့လဲ ကျွန်မဟာ မော်ဒယ် အလုပ်ကို ဆက်လုပ်ဖြစ်နေတာပါပဲ။ ကြိုတင်မျှော်လင့်ထားခဲ့တဲ့အတိုင်း ကျွန်မဘွဲ့ရတယ်။ နောက်တော့ အိမ်ထောင်ကျတယ်။ ဒါဟာ နောက်ထပ်အံ့ဩစရာကိစ္စတစ်ခုပေါ့။ ခပ်မြန်မြန် ကလေးယူဖို့ဆိုတာတော့ ကျွန်မရဲ့ဘဝလမ်းကြောင်းထဲမှာ မပါဝင်ခဲ့ပါဘူး။ ပျားရည်ဆမ်းခရီးစဉ်မှာကတည်းက ကိုယ်ဝန်ရှိသွားပြီး အချိန်ကာလ သုံးနှစ်အတွင်း ကလေးသုံးယောက် ရလာခဲ့လိမ့်မယ်လို့လဲ မထင်မှတ်ထားခဲ့မိပါဘူး။ အီလွန်၊ ကင့်ဘဲလ်နဲ့ တော့စကာတို့ဟာ ကျွန်မဘဝအတွက် နောက်ထပ်အံ့ချီးစရာသုံးခုပေါ့။ ကလေး


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်ချင်းစီက ကျွန်မရဲ့ဆံပင်ကို နည်းနည်းချင်းစီ ဘော်ငွေရောင် တိုးစေခဲ့ပါတယ်။ တော့စကာကို မွေးပြီးတဲ့နောက်မှာတော့ ကျွန်မခေါင်းပေါ်က ဆံပင်တွေအားလုံးဟာ ဘော်ငွေရောင်သန်းသွားတော့တာပါပဲ။

ကလေးသုံးယောက်ရပြီးတဲ့နောက်မှာလဲ ကျွန်မဟာ မော်ဒယ်အဖြစ် ပြန်စလုပ်ပါတယ်။ ဒါကလဲ လက်တီက ကျွန်မကိုတောင်းဆိုလို့ပါ။ သူ့ရဲ့အေဂျင်စီမှာ သတို့သမီးအမေအဖြစ် ရိုးလျှောက်ပေးရမဲ့လူလိုတယ်တဲ့လေ။ အဲဒီနေရာမှာ ဘယ်လိုလုပ်ပြီး ဆယ့်ရှစ်နှစ်သမီးက ဖြစ်နိုင်ပါ့မလဲရှင်။ အဲဒီအချိန်မှာ ကျွန်မက အရွယ်တော်တဆိတ်ဟိုင်းတဲ့ နှစ်ဆယ့်ရှစ်နှစ်အရွယ် အမျိုးသမီးရင့်မာကြီးတစ်ယောက် ဖြစ်နေခဲ့ပြီလေ။ ဒီနည်းနဲ့ ကျွန်မဟာ တောင်အာဖရိကမှာ အသက်အကြီးဆုံးမော်ဒယ်တစ်ယောက် ဖြစ်လာပါရော။

\+ + + + +

ကျွန်မအသက်သုံးဆယ့်တစ်နှစ်အရွယ်မှာ ဆင်ဂဲလ်မားသားအနေနဲ့ ဒါဘန်ကို ပြောင်းလာခဲ့ပါတယ်။ ကျွန်မယောကျ်ားလက်ကနေ ထွက်ပြေးလာခဲ့တာပေါ့။ ကျွန်မဆံပင်တွေကို နောက်ထပ်ဘယ်သူ့ကြောင့်အတွက်နဲ့မှ အဖြူမခံနိုင်တော့ဘူးလေ။ ကိုယ့်ဘာသာကိုယ်ပဲ ဖြူအောင်လုပ်မိတော့တယ်။ ဒီလိုနဲ့ ကျွန်မဆံပင်က အဖြူနဲ့လိမ္မော်ကြားက အရောင်စုံဖြစ်နေတော့တာပဲ။ 'ဖြူမော်'လို့ ခေါ်လေမလားတော့ မသိဘူး။ အတော်လေး အကြည့်ရဆိုးပါတယ်။ ဆံပင်တွေက လိမ်ကောက်ကောက်၊ ထိုးထိုးထောင်ထောင်နဲ့ပေါ့။ ပိုက်ဆံချွေတာနိုင်အောင် ဆံပင်ကို ကိုယ့်ဘာသာညှပ်တယ်။ သူတို့ဘက်ကလည်း ကျွန်မကို သူတို့အကြောင်းနဲ့သူတို့ မော်ဒယ်ဆက်လုပ်ခွင့်ပြုထားတယ်။ ဒီလိုနဲ့ ကျွန်မက အဲဒီအလုပ်အတွက် စိတ်ပူစရာမလိုခဲ့ဘူး။ နောက်ပြီး ဒါက ကျွန်မရဲ့ အာဟာရဗေဒအကြံပေးအလုပ်ကို မထိခိုက်ပါဘူး။ အာဟာရဗေဒအကြံပေးအလုပ်က အသက်နှစ်ဆယ့်နှစ်နှစ်အရွယ်မှာ ပရီတိုရီးယားက ကျွန်မပိုင် တိုက်ခန်းကလေးမှာ စခဲ့တဲ့အလုပ်ပေါ့။ ကျွန်မဆီလာတဲ့ ဖောက်သည်တွေကို ကူညီပေးနိုင်နေသရွေ့ သူတို့ကလဲ ကျွန်မဆံပင်က ဘာအရောင်ဖြစ်နေသလဲ၊ ဘယ်လိုပုံစံဖြစ်နေသလဲဆိုတာကို အရေးမလုပ်ကြပါဘူး။

အသက် လေးဆယ့်နှစ်နှစ်မှာ ကျွန်မက တိုရွန်တိုကိုပြောင်းလာခဲ့ပြီး မော်ဒယ်အလုပ်ကို တစ်ဖက်ကလုပ်ပြီး ပါရဂူဘွဲ့အတွက် ကျောင်းတက်ရင်း အလုပ်နှစ်ခုလုံးကို

mgyoe.com

mgyoe.com SAMPLE BOOK

ဟန်ချက်ညီအောင် ကြိုးစားပြီးနေရတာပေါ့။ ကျွန်မ မော်ဒယ်လုပ်ခဲ့ဖူးတဲ့ အတွေ့အကြုံအရ အလုပ်ရနိုင်တယ်လို့ဆိုတာကြောင့် ကျွန်မကို လက်ခံပေးနိုင်မဲ့၊ ကျွန်မနဲ့ ပိုက်ဆံရှာလို့ ရနိုင်မယ်ယူဆတဲ့ တိုရွန်တိုက မော်ဒယ်အေဂျင်စီတစ်ခုနဲ့ လက်တွဲခဲ့ပါတယ်။ ရှိသမျှသော မော်ဒယ်အလုပ်တွေက မိန်းမငယ်လေးတွေအတွက်ချည်းပဲဆိုပေမဲ့ တစ်ခါတလေကျတော့လဲ ယုတ္တိတန်အောင် သက်ကြီးပိုင်းမော်ဒယ်တွေလဲ လိုအပ်တတ်တာကိုး။ အဲဒီမှာပဲ ကျွန်မက ပထမဆုံးအကြိမ် ဘွားဘွားအဖြစ် ကြော်ငြာရိုက်ခဲ့ရပါတယ်။ အဲဒီတုန်းက ကျွန်မ အသက်လေးဆယ့်နှစ်နှစ်ပဲ ရှိသေးတာနော်။

သေချာတာတစ်ခုက အသက်လေးဆယ်တန်းဝင် မော်ဒယ်ဆိုလို့ တိုရွန်တိုမှာ ကျွန်မတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ မော်ဒယ်အလုပ်မှာ ဆယ်ကျော်သက်ဒါမှမဟုတ် နှစ်ဆယ်တန်းဝင်လေးတွေလိုမဟုတ်တဲ့ ကျွန်မအတွက် အလုပ်က အမြဲတမ်းတော့ ရှိမနေဘူးပေါ့။ ပြီးတော့ ဒီနေရာကလဲ ဖက်ရှင်အတွက် နာမည်ကြီးတံဆိပ်တွေအတွက် ရှိနေတဲ့နေရာ မဟုတ်သလို၊ နယူးယောက်ဖက်ရှင် ရက်သတ္တပတ်လို၊ မီလန်လိုနေရာမျိုးလဲ ဟုတ်မနေပြန်ဘူးဆိုတာကိုတော့ သတိလေးကပ်ထားရတယ်။

တစ်ခါလားမသိ ကျွန်မက သက်ကြီးပိုင်းအမျိုးသား၊ အမျိုးသမီးတွေနဲ့အတူတူ ရိုးလျှောက်ရတယ်။ ပွဲပြီးတဲ့နောက် အားလုံး အတူထွက်သောက်ကြတာပေါ့။ ကျွန်မတို့ အဖွဲ့ထဲက ယောက်ျားတစ်ယောက်ကပြောတယ် –

"မင်းသောက်တာ မင်းဘာသာမင်းရှင်း၊ ဘာလို့ဆို မင်းတစ်ယောက်ပဲ ငါနဲ့အတူ အိပ်ရာထဲမရောက်ဖူးတာမို့လို့"တဲ့။

ကျွန်မ သူ့ကိုစိုက်ကြည့်နေမိတယ်။

သူက ဆက်ပြောတယ်။

"အေး . . . ငါက ဟောဒီက တခြားမော်ဒယ်တွေအကုန်လုံးနဲ့ မွေ့ရာကြော်ငြာ ရိုက်ဖူးတယ်ကွ"တဲ့လေ။

သက်ကြီးပိုင်းမော်ဒယ်တွေအတွက်က အဲဒီလိုအလုပ်မျိုးတွေပေါ့။ အိပ်ရာတွေ ရောင်းရဖို့အတွက် ကြော်ငြာပေးရတာမျိုးလေ။

ကျွန်မ အရေးမလုပ်ပါဘူး။ အဲဒီအလုပ်ကိုလုပ်တာ စိတ်လှုပ်ရှားမှုနောက်လိုက်ဖို့ အတွက်မှ မဟုတ်တာ။ အလုပ်တစ်ခုသက်သက်ပဲဟာ။ နောက်ပြီး ကျွန်မအတွက် အလုပ်


mgyoe.com

လုပ်ဖို့လိုတယ်လေ။ ကျွန်မက မော်ဒယ်အလုပ်ကို ဆက်လုပ်နေတယ်ဆိုတာ ပျော်ဖို့ကောင်းလို့၊ ကျွန်မကို ကြည့်ကောင်းနေစေလို့၊ မတူညီတဲ့မြို့တွေမှာ ရုံးအလုပ်တွေလိုက်ရှာနေရတယ်ဆိုတဲ့အဖြစ်က ကင်းဝေးစေဖို့၊ လူသစ်တွေနဲ့ တွေ့ဆုံခွင့်ရစေလို့ပါ။ အဲဒီနှစ်အပိုင်းအခြားတွေမှာ ကျွန်မ လူနာကြည့်ပေးနေရတာကို အနှောင့်အယှက်မဖြစ်စေဖို့အတွက် ရှိုးလျှောက်ဖို့ ကျွန်မကိုခေါ်မယ်ဆိုရင် သုံးပတ်လောက် ကြိုပြောရပါတယ်။ ပြီးတော့ ကျွန်မကလည်း တစ်လမှာ လေးကြိမ်ထက်ပိုပြီး မော်ဒယ်မလုပ်ပါဘူး။

အဲဒါက အာဟာရဗေဒပညာရှင်အလုပ်ထက် ဝင်ငွေပိုကောင်းတာမို့ တည်ငြိမ်တဲ့အခြေခံဝင်ငွေလို့တောင် ပြောလို့ရနေလေတော့ အဲဒီလှေကို ယမ်းခါပစ်ဖို့လဲ မကြိုးစားမိဘူး။ အဲဒီအလုပ်ကရတဲ့ဝင်ငွေဟာ နေ့စဉ်အသုံးစရိတ်၊ အိမ်ငှားခ၊ ဘတ်စ်ကားခ၊ ကလေးတွေရဲ့ ကျောင်းယူနီဖောင်းဖိုး၊ ဂတ်စ်ဖိုးနဲ့ ကားငှားခတွေအတွက် ကာမိတယ်လေ။ မော်ဒယ်လုပ်တာက ကျွန်မမိသားစုဆီ သွားလည်ဖို့အတွက် ခပ်ပေါပေါ လေယာဉ်လက်မှတ်ခ၊ အဝတ်အစားဖိုးနဲ့ အိမ်မှာလိုတဲ့ တခြားတိုလီမိုလီဖိုးတွေလဲ တတ်နိုင်သွားစေတာပေ့ါ။ တစ်ခါတလေ ဂါဝန်လေးဘာလေးလဲ တတ်နိုင်သွားပါရဲ့။ မော်ဒယ်လုပ်တယ်ဆိုတာ ရေခဲမုန့်အပေါ်က ချယ်ရီသီးလေးလိုပါပဲ။

လူနာတွေကိုလဲ ကျွန်မ မော်ဒယ်လုပ်တာ ပြောမပြပါဘူး။ အဲဒီတုန်းက ဆိုရှယ်မီဒီယာလဲ မရှိလေတော့ ဘယ်သူကမှလဲ ကျွန်မ မော်ဒယ်လုပ်မှန်း မသိကြပါဘူး။

တစ်ခါတလေ တစ်ယောက်ယောက်က ''မဂ္ဂဇင်းတစ်အုပ်ထဲမှာ တွေ့လိုက်တာဆရာမလား''လို့ မေးလာတတ်တယ်။ အဲဒီအခါကျ ကျွန်မက ''အင်း . . . ကျွန်မကဆီးရားစ်တံဆိပ်ရဲ့ အိမ်ဝတ်အင်္ကျီဘုရင်မလေ''လို့ ပြန်ပြောတတ်တယ်။ အဲဒါကိုက ကျွန်မအလုပ်ကိုး။ တကယ်လို့များ ဆီးရားစ်က အိမ်ဝတ်အင်္ကျီတွေ ထုတ်ခဲ့မယ်ဆိုရင် သူတို့က ကျွန်မကိုခေါ်ပြီး မော်ဒယ်လုပ် ကြော်ငြာခိုင်းလိမ့်မယ် ထင်ပါရဲ့။

+ + + + +

အသက်ငါးဆယ်ကျော်အရွယ်ရောက်လာတဲ့အချိန်မှာတော့ ကျွန်မဟာ နယူးယောက်မှာ အခြေချနေထိုင်နေပါပြီ၊ ကြော်ငြာကမ်ပိန်းအကြီးစားတချို့ လုပ်ဖူးခဲ့သလို ပိုကြီးတဲ့အေဂျင်စီတွေနဲ့လဲ စာချုပ်ချုပ်နိုင်ခဲ့ပါပြီ။ ဒါဟာ ကျွန်မအတွက် ထိတွေ့ခွင့်ပိုရမယ်လို့ ထင်ခဲ့လို့ပါပဲ၊ တကယ်တမ်းတော့ ကျွန်မထင်ထားတာနဲ့ တခြားစီပါပဲ၊ မော်ဒယ်အလုပ်ကို တစ်ခါတစ်ရံမှသာ လုပ်နေရာကနေ လုံးဝနီးပါး မလုပ်ရတော့ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မက အီးမေးလ်ပို့ပြီး သူတို့နဲ့ လက်တွဲတယ်ဆိုတာ မော်ဒယ်ဘဝကို ရပ်တန့်ပစ်လိုက်ဖို့မဟုတ်မှန်း လှမ်းပြောပါတယ်။ အဲဒါကို သူတို့ဘက်ကလဲ ဒီလို တုံ့ပြန်စာပို့လာပါတယ်။ ကျွန်မအတွက် 'အလုပ်မရှိသေးပါ'ဆိုပြီးတော့ပေါ့။

ကျွန်မ ဖုန်းဆက်ရင် သူတို့ကပြောတတ်တယ်။

''သူတို့တွေက မင်းကိုမမြင်ချင်ကြဘူး၊ မင်းထက်ပိုပြီးလူသိများတဲ့ တခြားမော်ဒယ်လ်တွေကိုပဲ သုံးချင်ကြတယ်''

အဲဒီအချိန်ကျ ကျွန်မကတွေးတယ်။

''ဒါပေမဲ့ သူတို့ကလဲ ကျွန်မထက်ပိုပြီးလူသိများနေတဲ့သူတွေမှ မဟုတ်တာ''

ဘာကြောင့်များ ဖောက်သည်တွေက ကျွန်မကိုထပ်မတွေ့ချင်တော့ဘူးလဲဆိုတာ ကျွန်မဖြင့် နားမလည်နိုင်အောင်ပါပဲ။ ကျွန်မ မော်ဒယ်လုပ်တာ ဆယ်စုနှစ်နဲ့ချီနေပေမဲ့ အခုတော့ နားဖို့အချိန်ရောက်လာပြီထင်ပါရဲ့လေ။ ကျွန်မရဲ့ အသွင်အပြင်ကို လူတွေ မကြိုက်ကြတော့ဘူးဆိုတာကိုး။

အခွင့်ကြုံလာတဲ့အခါ ဒီလောကထဲမှာရှိနေတဲ့လူတွေနဲ့ ကျွန်မ တွေ့မိတတ်ပါတယ်။ သူတို့က လမ်းပေါ်မှာ၊ စားသောက်ဆိုင်ထဲမှာ ကျွန်မနဲ့ဆုံမိရင် ပြောတတ်ကြတယ်။

''ကျွန်မတို့ ရှင့်ကို ဘိုကင်တင်ပေမဲ့ ဘယ်တော့မှ မရဘူးနော်''တဲ့။

ဒီတော့ ကျွန်မက အေဂျင်စီကိုသွားပြီးပြောရတာပေါ့။

''လူတွေက ကျွန်မကို ဘိုကင်တင်ကြတယ်ဆို''

''မဟုတ်ပါဘူး၊ မတင်ပါဘူး။ သူတို့က မင်းကို လူမှားကြတာနေမှာပါ''

အဲဒီအချိန်မှာပဲ ကျွန်မက ဆံပင်ဆေးဆိုးတာကိုရပ်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ ကျွန်မစိတ်ထဲတော့ တွေးတာပေါ့။

''အင်း ... ငါလဲ မော်ဒယ်လုပ်ရတာမဟုတ်ဘူး၊ အောက်ခံအရောင်က ဘာတွေဖြစ်နေပြီလဲဆိုတာ ကြည့်ဦးမှ''

ကျွန်မ ဆံပင်တွေပြန်ရှည်လာပြီး ကြည့်ရဆိုးနေပါပြီ။ ထိပ်က ဦးဆံဖုတ်က အဖြူရောင်၊ ပခုံးနားကဆံပင်တွေက ရွှေရောင်ဖျော့ဖျော့၊ အာဟာရဗေဒပညာရှင်အနေနဲ့ဆိုရင်တော့ ပညာတော်နေရင် ဆံပင်က ဘာအရောင်ဖြစ်နေနေ ဘာအရေးလဲ။ အချစ်ဆုံးသူငယ်ချင်း ဂျူလီယာပယ်ရီ့ အကြံအတိုင်း ကျွန်မ ဆံပင်ကို တိုကပ်နေအောင် ညှပ်ပစ်


mgyoe.com

mgyoe.com
SAMPLE BOOK

လိုက်တယ်။ ပုံစံက အရင်က တစ်ခါမှ မညှပ်ဖူးတဲ့ပုံ။ တိုတိုထောင်ထောင်နဲ့ အရမ်းကို စိတ်လှုပ်ရှားစရာပုံမျိုးပေါ့။

+ + + + +

ဆံပင်ဖြူနဲ့ သဘာဝအတိုင်းနေလိုက်ပြီးတဲ့နောက် အေဂျင်စီက ကျွန်မကို ဘယ်ပွဲမှ မခေါ်တာ ခြောက်လကြာသွားတယ်။ အတော်လေး နာကျင်ခံစားရတဲ့ အချိန်ကာလပါပဲ။ ကျွန်မအတွက် အခွင့်အရေးဆိုတာ နောက်ထပ်မရှိတော့ဘူးလို့ စတင်ခံစားလာရတယ်။ ကျွန်မရဲ့ မော်ဒယ်ဘဝ အမှန်တကယ် နိဂုံးတံသွားပြီလားလို့လည်း တွေးလာမိတယ်။

နောက်တော့ စိတ်ဝင်စားစရာကိစ္စတစ်ခု ဖြစ်လာတယ်။ လူရွေးပွဲဒါရိုက်တာ တစ်ယောက်က ကျွန်မရဲ့ အေဂျင်စီကို ဖုန်းခေါ်ပြီး တိုင်းမ်စ်မဂ္ဂဇင်းအတွက် မျက်နှာဖုံး ဓာတ်ပုံရိုက်ဖို့ ဘိုကင်တင်တယ်။ ဒီတစ်ခေါက်တော့ ကျွန်မ မအားဘူးဆိုတဲ့အကြောင်း ပြချက်နဲ့ အေဂျင်စီက ငြင်းမရတော့ဘူး။ အဲဒီဒါရိုက်တာဆိုသူရဲ့ ရုံးခန်းကလည်း ကျွန်မ အိမ်နဲ့ တစ်ဘလောက်လားဝေးတာရယ်၊ မနက်ခင်းတိုင်း ကျွန်မ ခွေးကလေးကို ထွက်ကျောင်းတဲ့အချိန် အမြဲတမ်း တွေ့မိလေ့ရှိတတ်တာရယ်ကြောင့်လေ။

နောက်တော့ သူတို့က ကျွန်မအတွက် အလုပ်တွေ ဘိုကင်တင်ကြတယ်။ ဒီနည်းနဲ့ပဲ ကျွန်မ တိုင်းမ်စ်မဂ္ဂဇင်းမှာ ပါလာရပြန်တယ်။ ကျန်းမာရေးကဏ္ဍရဲ့ ပထမဆုံး စာမျက်နှာရှင် ဖြစ်ခဲ့ရပြန်ပေါ့။

ကျွန်မအတွက် အလုပ်တွေမရှိတာမဟုတ်ဘဲ ရှိနေမှန်း ကျွန်မသိလာတယ်။ ဒါဟာ ကျွန်မရဲ့ ရုပ်ရည်ကြောင့်မဟုတ်ဘဲ ကျွန်မအေဂျင်စီကြောင့်ဆိုတာကိုရောပေါ့။

ကျွန်မအတွက် အစီအစဉ်တစ်ခုလိုပြီလေ။

+ + + + +

လူတိုင်းမှာ သူ့အစီအစဉ်နဲ့သူ ရှိတယ်။ ကျွန်မဆိုတဲ့မိန်းမက ကျွန်မအတွက် တည်ရှိနေတဲ့ အလုပ်အကိုင် အခွင့်အရေးကို ပြည့်ပြည့်ဝဝ ဖမ်းဆုပ်ချင်တဲ့လူစားမျိုး။ ကျွန်မရဲ့အေးဂျင့်ဆိုသူတွေက ကျွန်မရဲ့ လုပ်နိုင်ကိုင်နိုင်စွမ်းကို မြေတောင်မြှောက်ပေးရမှာ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် သူတို့က အဲဒီလိုလုပ်မပေးခဲ့ဘူး။ ဒီအကြောင်း စလိုက်မိရင်တော့ အလျှော့ပေးလို့မဖြစ်ဘူး။ ကျွန်မကိုယ်စား တစ်စုံတစ်ယောက်က


mgyoe.com

mgyoe.com
SAMPLE BOOK

ဝင်ရောက်ခြယ်လှယ်နေတဲ့အချိန် အဲဒီကိစ္စကို ဘေးထွက်ထိုင်ပြီး ကိုယ်နဲ့မဆိုင်သလို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူးလေ။

ကျွန်မက အေဂျင်စီကို လူကိုယ်တိုင်လိုက်သွားပြီး စိတ်ထဲမှာရှိသမျှ ထုတ်ပြောပစ်လိုက်တယ်။ လိုချင်တာရှိရင် ကိုယ်တိုင်က တောင်းဆိုရဲမှဖြစ်မယ် မဟုတ်လား။

ကျွန်မအေးဂျင့်က ဒေါသူပုန်ထတော့တာပေါ့။

"ရှင်ကများ . . . ရာရာစစ၊ ကျွန်မတို့က ရှင့်အတွက် အလုပ်မရှာပေးဘူး စွပ်စွဲရဲတယ်"

သူညာနေတာပါ။ ဒါကို ကျွန်မတို့နှစ်ယောက်လုံးသိကြတယ်။ လူရွေးပွဲတွေသွားတယ်၊ ပြီးရင် အလုပ်မရဘူး။ အဲဒါမျိုးအဖြစ်တွေ ကျွန်မမှာ ကြိမ်ဖန်များစွာဖြစ်လာတယ်။ လူရွေးပွဲကိုသွားမယ်၊ အမျိုးသမီး အယောက် ၂၀ လောက်ရှိတဲ့ လူတန်းကြီးထဲစောင့်မယ်၊ ပြီးရင် အလုပ်မရဘူး။ ဒါဟာ မော်ဒယ်ဘဝရဲ့ ဖြစ်နေကျကိစ္စတွေထဲက တစ်စိတ်တစ်ပိုင်းပေါ့လေ။ ကိုယ့်ကို ကိုယ်စားပြုတဲ့ကိုယ်စားလှယ်၊ တစ်နည်းအားဖြင့် အေးဂျင့်က ကိုယ့်ကို အဲဒီလို လူရွေးပွဲတွေအထိ မတင်ပေးဘူးဆိုရင်တော့ အခြေအနေက အတော်လေးဆိုးတယ်ဆိုရမှာပေါ့။

သူတို့က လုံးဝဝန်မခံဘူး။ ကျွန်မအတွက် အလုပ်မရှိဘူးဆိုတာချည်းပဲ တွင်တွင်ပြောနေတော့တာ။ ကျွန်မက သူတို့နဲ့စာချုပ်လဲထိုးထားတော့ ပိတ်မိနေတော့တာပေါ့။

+ + + + +

အလုပ်မှာ အခြေအနေဆိုးတစ်ခုထဲ ပိတ်မိနေတဲ့အခါ၊ နောက်ပြီး အဲဒါကလဲ ပြောင်းလဲပစ်လို့မရဘူး။ ကိုယ်တိုင်ကလဲ အဲဒီထဲက ရုန်းမထွက်နိုင်ဘူးဆိုရင် နောက်ပိုင်းဘာဆက်ဖြစ်မလဲဆိုတာ သေချာမသိဘဲ လမ်းပျောက်သွားတော့တာပဲ။ အဲဒီလိုအဖြစ်က သိပ်ကိုကြောက်ဖို့ကောင်းပါတယ်။ အဲဒီအလုပ်မှာ တစ်ချိန်လုံး စိတ်ဆင်းရဲနေရတော့မယ်ဆိုတာ သေချာနေပါပြီ။ တကယ်လို့ အလုပ်မှာ ပျော်ရွှင်မှုကိုမခံစားရတော့ရင် ကိုယ့်ရဲ့တစ်နေ့တာဟာ မှောင်အတိ ဖုံးနေတော့မှာပါ။ အလုပ်ကို ရှေ့ဆက်လုပ်နိုင်ဖို့နဲ့ အလုပ်အပေါ် ချစ်ခင်မှုရှိမှ လိုအပ်ပါတယ်။ ဘာလို့ဆို လူတစ်ယောက်အတွက် နေ့တစ်နေ့တာရဲ့နိုးထနေတဲ့ အချိန်အများစုက အလုပ်ထဲမှာပဲ ကုန်ဆုံးရတာမို့ပါ။ အာဟာရဗေဒပညာရှင်အဖြစ် ဆွေးနွေးပေးတဲ့ ရုံးခန်းမှာ အလုပ်ကိုချစ်ပေမဲ့ အလုပ်ရှင်သူဌေးကို သဘောမကျတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးရှေ့နေဖောက်သည်တွေ အများကြီး ကျွန်မတွေ့ဖူးပါတယ်။ သူတို့ရဲ့ မပျော်ရွှင်မှုနဲ့ စိတ်ဖိစီးမှုတွေကြောင့် အစားအသောက်ကို သတိထားပြီး ကောင်းကောင်းမွန်မွန် မစားနိုင်တော့တာ ကျွန်မ ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။ ကျွန်မက သူတို့ရဲ့ အခြေအနေကို ပြောင်းလဲပစ်လိုက်ဖို့ အကြံပေးတတ်ပါတယ်။ လက်ရှိအလုပ်ကိုပြောင်း၊ တခြားဥပဒေရုံးခန်းအသစ်ကိုရှာ၊ ဒါမှမဟုတ်လဲ ကိုယ့်ဘာသာ လုပ်ငန်း (ရုံးခန်း) အသစ်ထောင်တာမျိုး လုပ်လိုက်ရင် ပိုပျော်ပြီး ကောင်းကောင်းမွန်မွန် စားသောက်နိုင်လာပါတယ်။ ကျွန်မရဲ့ဖောက်သည်တွေ အမြဲပြောလေ့ရှိတာက ကျွန်မဟာ စိတ်ရောဂါအထူးကုတွေထက် ဈေးပိုသက်သာတယ်ဆိုတဲ့စကားပါ။

\+ + + + +

ကျွန်မက မော်ဒယ်အေဂျင်စီနဲ့ ချုပ်ထားတဲ့စာချုပ်ကို ပြန်ကြည့်လိုက်တော့ နယူးယောက်မြို့အတွက် သီးသန့်ပဲ အကျုံးဝင်တယ်ဆိုတာ တွေ့လိုက်ပါတယ်။ ဒါနဲ့ ကျွန်မက ဖီလာဒဲလ်ဖီးယား၊ ဟန်မ်တန်၊ ကော်နဲတီးကပ်စ်၊ နယူးဂျာစီ၊ လော့အိန်ဂျလစ္စ၊ ဟမ်းဘတ်ခ်၊ မြူးနစ်၊ ပဲရစ်နဲ့ လန်ဒန်မြို့က အေးဂျင့်တွေဆီ ဆက်သွယ်ပါတယ်။ အဲဒီအေဂျင်စီတွေနဲ့ လက်မှတ်ထိုးလိုက်ပြီးတဲ့နောက် ကျွန်မအတွက် အလုပ်လေးတွေ စပြီးရလာပါတော့တယ်။ ကက်တလောက်တွေရိုက်ဖို့ ဥရောပဘက် ခရီးတွေ စပြီးသွားလာရပါတယ်။ ဆံသားနဲ့ပတ်သက်တဲ့ ဆေးဝါးကြော်ငြာတွေအတွက် အယ်ဒီတာအလုပ်ကလေးတွေ စလုပ်လာရတယ်။ ကျွန်မအတွက် ဝင်ငွေကောင်းလာပေမဲ့ လေယာဉ်စီးရင်တော့ ဈေးသက်သာတဲ့ လေကြောင်းလိုင်းကပဲ စီးတယ်။ ပိုက်ဆံချွေတာတယ်လေ။

အိမ်နဲ့အနီးအနားက မြို့ကလေးတွေမှာ ကျွန်မက ကက်သလောက်တွေ၊ ကြော်ငြာတွေရိုက်တယ်။ ပြခန်းတွေအတွက် ရှိုးလျှောက်ပေးတယ်။ ဒါဟာ သိပ်ပြီးပြောပလောက်တာမျိုးမဟုတ်ပေမဲ့ အလုပ်ကအလုပ်ပါပဲ၊ အဲဒီအလုပ်က သိပ်ပြီး ဈေးမကြီးလှတဲ့ ကုန်တိုက်တွေက ဖောက်သည်တွေအတွက် အဝတ်အစားတွေ ဝတ်ပြရတာမျိုးပါ။ ကျွန်မက လေးထောင့်ပုံကတ်ထူစက္ကူနဲ့ ကာရံထားတဲ့ အဝတ်လဲခန်းထဲဝင်ပြီး အဝတ်လဲမယ်၊ ပြီးရင် ထွက်လာပြီး လမ်းပတ်လျှောက်ပြရမယ်ပေါ့။ ထိုင်ပြီး ကျွန်မဝတ်ပြတဲ့ အဝတ်အစားတွေကို ကြည့်တဲ့သူအရေအတွက်က အယောက်သုံးဆယ်လောက်ပဲရှိမယ်။ အဝတ်အစားတွေ တစ်စုံနဲ့တစ်စုံကြား ကျွန်မက အဲဒီကတ်ထူစက္ကူပုံးကလေးထဲ ဝင်ထိုင်ပြီး


mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဝတ်ရမဲ့ အဝတ်တစ်စုံလဲဝတ်ရင်း ဘေဂဲလ်ပေါင်မုန့်ကို ဒိန်ခဲသုတ်ထားတဲ့ မုန့်ကလေးတစ်ကိုက်လောက် စားတယ်။ တစ်ခုလုံးပြီးအောင် ထိုင်စားဖို့ကျတော့လဲ အချိန်မှမရှိတာကိုး။

မော်ဒယ်အလုပ်အများစုက နယူးယောက်မြို့မှာပဲရှိတတ်တယ်။ ဒီတော့ ကျွန်မက အဲဒီအခွင့်အရေးတွေဆီကနေ နောက်ပြန်ဆွဲခံထားရသလို ဖြစ်နေတာပေါ့။ ကျွန်မ ဒီထက်ပိုပြီး ကောင်းကောင်းမွန်မွန် လုပ်နိုင်တယ်ဆိုတာ သိတယ်။ အနှောင့်အယှက်ဖြစ်နေတာကလဲ ကျွန်မရဲ့ အသက်အရွယ်၊ ဒါမှမဟုတ် ရုပ်ရည်ကြောင့်မဟုတ်ဘူးဆိုတာလဲသိတယ်။ အဲဒါ သူတို့ကြောင့်၊ ကျွန်မအပြစ် မဟုတ်ဘူး။

ဒီကိစ္စကိုကျော်လွှားဖို့ နည်းလမ်းရှာရမယ်။ ကျွန်မက သူတို့ရဲ့ စောင့်ဆိုင်းခန်းမထဲသွားပြီး ထိုင်စောင့်တယ်။ အကြီးအကဲဆိုတဲ့ပုဂ္ဂိုလ်နဲ့ တွေ့ခွင့်မပေးမချင်း ဖွဲ့မလျှော့စတမ်း တောင်းဆိုတယ်။

ကျွန်မက သူ့ကိုပြောတယ်။

''ကျွန်မ လူရွေးပွဲအတွက် အခေါ်မခံရတာ ခြောက်လရှိပြီ၊ ကျွန်မကို ထွက်ခွာခွင့်ပေးပါတော့''

လိုချင်တာမရမချင်း မပြန်ဘူးလို့ ကျွန်မစိတ်ထဲ ဆုံးဖြတ်ထားပြီးသား။ သူတို့ဘက်ကလဲ သဘောတူလိုက်ပါတယ်။ အစောပိုင်းကတည်းက အဲဒီလို ကျွန်မလုပ်ခဲ့ရမှာ။ ကျွန်မလိုပဲ ခပ်မြန်မြန်နားလည်စမ်းပါ။ ဒါမှ ဝေဒနာခံစားရသက်သာမှာ။ တကယ်လို့ ဘာမှ အပြောင်းအလဲမရှိခဲ့ရင် တတ်နိုင်သမျှ အမြန်ဆုံး အဲဒီထဲက ရုန်းထွက်ပါ။ ဘာမှဖြစ်မလာမဲ့အတူတူ၊ ဒါမှမဟုတ် ထူးခြားလာမှာမဟုတ်မဲ့ အတူတူပေါ့။ ဒါမှမဟုတ်လဲ ငွေရေးကြေးရေးအရ အချည်အနှောင်မခံထားရဘူးဆိုရင်ပေါ့လေ။

\+ + + + +

အဲဒါက ကျွန်မနဲ့ အရင်က အလုပ်အတူတူလုပ်ခဲ့ဖူးတဲ့ အဝတ်အစားအေဂျင်စီတစ်ခုနဲ့ လက်တွဲဖို့ စီစဉ်ဖြစ်တဲ့အချိန်ပေါ့။ သူတို့က ကျွန်မနဲ့ အတူတွဲလုပ်ရဖို့ စိတ်လှုပ်ရှားနေကြသလို ကျွန်မရဲ့ပုံစံသစ်ကိုလဲ သဘောကျနေကြတယ်။ သူတို့က အယ်ဒီတာ့အာဘော်ကဏ္ဍအတွက် အလုပ်လုပ်ပေးဖို့ ကျွန်မကို တိုရွန်တိုကို လွှတ်လိုက်ကြတယ်။ တကယ့်ကို အမှတ်ရစရာပါပဲ။ ဘာလို့ဆို အသက်ကြီးလာလေ အယ်ဒီတာ့အာဘော်မှာ


mgyoe.com

ပါဝင်ခွင့်ရဖို့ ဘယ်သူကမှ မလိုလားတတ်တော့လို့ပါပဲ။ အယ်ဒီတာ့အာဘော်ဆိုတာက တကယ်မိုက်တဲ့အပိုင်းပါ။ ဒါပေမဲ့ ကျွန်မအတွက်တော့ မမိုက်ပါဘူး။ ဘာလို့ဆို အဲဒီ အပိုင်းအတွက် ဘယ်လိုကိုယ်ဟန်ပြပေးရမယ်ဆိုတာ လုံးဝမသိလို့ပါပဲ။

ကက်တလောက်အတွက်ဆိုရင်တော့ အေးအေးဆေးဆေးပါပဲ။ ပျော်ပျော် ရွှင်ရွှင်ပဲ။ အဝတ်အစားအတွက်လဲ ခေါင်းရှုပ်ခံစရာမလိုဘူးလေ။ ကြောင်တောင်တောင် ရှုထောင့်ကိုဆွဲပြီး ဓာတ်ပုံအရိုက်ခံစရာမလိုဘူးလေ။ အယ်ဒီတာ့အာဘော်မှာကျတော့ ရုတ်ချည်းဆိုသလို ခုန်ဖို့ ကဖို့ ခန္ဓာကိုယ်ကို ကော့လန်ကန်ကားလုပ်ပြီး ကို့ရို့ကားယား ဟန်တွေလုပ်ပြဖို့ လိုလာပြီ။ ကျွန်မအတွက် သင်ယူဖို့လိုလာပြီ။ ဒီတော့ ကျွန်မက ဖက်ရှင်မဂ္ဂဇင်းတွေ ပြန်ကြည့်ရတယ်။

တစ်ခုတည်းသော အယ်ဒီတာ့အာဘော်ကဏ္ဍမှာ ရိုက်ခဲ့ဖူးတာက ကျွန်မ အသက်လေးဆယ့်ငါးနှစ်အရွယ်မှာပါ။ နောက်ပြီး အဲဒီရိုက်ကွင်းမှာ သူတို့ခေါ်ထားတဲ့ စူပါမော်ဒယ်တွေအတွက် ကြောင်တောင်တောင် နောက်ခံအနေအထားနဲ့ နေပေးရတာ။

ကျွန်မက တိုရွန်တိုကို လေယာဉ်နဲ့ သွားတယ်။ အဲဒီရိုက်ကွင်းမှာ ကျွန်မက တစ်ဦးတည်းသောမော်ဒယ်ပဲ။

ဒါနဲ့ ကျွန်မက မေးမိတယ်။

''တခြားမော်ဒယ်တွေရော ဘယ်မလဲ''

''မရှိဘူးလေ၊ ခင်ဗျားတစ်ယောက်တည်းပဲ''

နောက်တော့ ကျွန်မက ဒီဇိုင်နာတွေ၊ အဝတ်အစားကုမ္ပဏီတွေနဲ့ အပုံစား အဝတ်အစားတွေနဲ့ ပြည့်လျှံနေတဲ့ ကမ္ဘာကြီးထဲရောက်သွားတော့တာပါပဲ။ သူတို့က အဖြူရောင်ပုံပြင်အဖြစ် ရိုက်ကြတယ်။ ရှစ်မျက်နှာစာ အဖြူရောင်အဝတ်အစားတွေနဲ့ ရိုက်တာ အတော်လေးလှတယ်။ တစ်ကြိမ်ကို ဆံပင်ပုံစံတစ်မျိုးနဲ့၊ ဆံပင်အတိုနဲ့တောင်မှပဲ အလန်းစားဖြစ်နေရော။

အဲဒီပုံတွေ ကျွန်မပြန်ကြည့်လိုက်ရတော့ 'ဝိုး'ဆိုတဲ့စကားတစ်ခွန်းပဲ ပြောနိုင် တော့တယ်။

နောက်တော့ ဘိုကင်တွေ ဆက်တိုက်ဆိုသလို လိမ့်ဝင်လာတော့တာပါပဲ။ ကျွန်မတို့ ပထမဆုံး နယူးယောက်ကိုပြောင်းလာတဲ့အချိန် ကင့်ဘဲလ်နဲ့ ကျွန်မတို့က

mgyoe.com

mgyoe.com
SAMPLE BOOK

တိုင်းမ်စကွဲကိုရောက်လာပြီး ရောမကြော်ငြာဆိုင်းဘုတ်တွေ ကြည့်ဖြစ်တော့ ကျွန်မက သားကို ပြောပြမိတယ်။ တစ်နေ့ အမေလဲ အဲဒီပေါ်ရောက်ရမယ်လို့။ နောက်တော့ ကျွန်မတို့ သားအမိနှစ်ယောက်သား ရယ်မိကြတယ်။ အခုတော့ ကျွန်မ အဲဒီနေရာမှာ အမှန်တကယ် ရောက်နေပြီလေ။ တိုင်းမ်စကွဲမှာရှိတဲ့ ဆယ့်ငါးပေအမြင့် ဘီဘုတ်ကြော်ငြာကြီးပေါ်မှာပေါ့။

ဗားဂျင်းအမေရိကားကြော်ငြာအတွက် အမျိုးသမီးပေါင်းသုံးရာနဲ့အတူ ကျွန်မ လူရွေးပွဲဝင်ပြိုင်ခဲ့တယ်။ သူတို့က ကျွန်မကိုရွေးလိုက်ကြတယ်၊ ရိုက်ကွင်းမှာ ကောင်လေးနဲ့ ကောင်မလေးငယ်ငယ်တစ်ယောက်စီပဲရှိတယ်။ အတော်ငယ်ပြီး ကျွန်မနဲ့ စကားပြောလို့ ကောင်းတဲ့၊ အဆင်ပြေတဲ့အရွယ်လေးတွေပေါ့။ နောက်ဆုံးတော့ ဘီဘုတ်တွေမှာ ကျွန်မ မျက်နှာက နောက်ဆုံးတွေ့ရမဲ့အရာပါပဲ။ အသက်ခြောက်ဆယ့်ခုနစ်နှစ်မှာ ကျွန်မကို တိုးမ်စကွဲရဲ့ နေရာအနှံ့မှာ မြင်နေရပါပြီ။ မြေအောက်ရထားလမ်းမှာ၊ အမေရိကန်နိုင်ငံတွင်းက လေဆိပ်တိုင်းမှာ စသဖြင့်။ ကျွန်မမျက်နှာကို မတွေ့ဘဲနဲ့ လေယာဉ်ပေါ်က၊ ရထားပေါ်က ဆင်းလို့ကိုမရတော့ပါဘူး။

ကျွန်မဆံပင်တွေ ဘော်ငွေရောင်အဖြစ်ပြောင်းသွားပြီးတဲ့နောက်မှာမှ အရာအားလုံးက အဆင်ပြေသွားလိမ့်မယ်လို့ ဘယ်သူကကြိုသိပါ့မလဲနော်၊ အသက် ဆယ့်ငါးနှစ်အရွယ်တုန်းက အသက်ဆယ့်ရှစ်နှစ်ရောက်ရင် မော်ဒယ်ဘဝ အဆုံးသတ်သွားလိမ့်မယ်လို့ ဆိုကြပေမဲ့ အခု အသက်ခုနစ်ဆယ့်တစ်နှစ်အရွယ်မှာတော့ ကျွန်မဟာ အအောင်မြင်ဆုံး ဖြစ်နေခဲ့ပြီ။ ကျွန်မသိလိုက်တာက အမြဲတမ်းအတွက် နည်းလမ်းဆိုတာ ရှိတယ်၊ နောက်ထပ်အစီအစဉ်တစ်ခု ထပ်ဆွဲလို့ရနေသေးတယ်ဆိုတာပါပဲ။ သေချာတာကတော့ အဲဒါကိုသိဖို့ရာ ကျွန်မအတွက် အချိန်တော်တော်ယူလိုက်ရသလို အခုထိလဲ သင်ယူနေရဆဲ ဖြစ်ပါတယ်။

နောက်တော့ ရောမအံ့သြစရာကြီးတစ်ခု ဖြစ်လာပါတော့တယ်။ အဲဒါကတော့ ဆိုရှယ်မီဒီယာပေါ်ပေါက်လာခြင်းပါ။ ကျွန်မတင်တဲ့ပို့စ်တွေမှာဆို လူတွေက ကျွန်မရဲ့ ဆံပင်ဖြူဖြူကို သဘောကျတယ်လို့ ဆိုကြပါတယ်။ နောက်ပြီး ကျွန်မဆံပင် အရောင်ကြောင့် မော်ဒယ်လုပ်ပေးဖို့ အလုပ်အပ်ကြတာပါ။ အခုတော့ အခန်းတစ်ခုထဲ လမ်းလျှောက်ဝင်လာချိန် တစ်ခန်းလုံးမှာ ကျွန်မတစ်ယောက်တည်း ဖြူနေတာကို သိလိုက်


mgyoe.com

mgyoe.com SAMPLE BOOK

ရရင်လည်း ပျော်တတ်နေပါပြီ။ တကယ်လို့ နောက်ထပ် တစ်ခေါင်းလုံးဖြူနေတဲ့သူ တစ်ယောက်ကိုတွေ့ရင်လည်း ပြုံးပြီး 'တူတူပဲ'လို့ စတတ်ပါသေးတယ်။

သေချာတာတစ်ခုကတော့ ဘဝဆိုတာ တဖြည်းဖြည်းချင်း ပိုကောင်း၊ ပိုအဆင်ပြေလာတာမျိုးပါ။ တနင်္လာနေ့တိုင်းမှာ ကျွန်မဟာ တခြားရက်တွေထက် ပိုပြီး စိတ်လှုပ်ရှားရပါတယ်။ ဘာလို့ဆို ကျွန်မအတွက် ပိုပြီးပျော်စရာကောင်းတာတွေ ဖြစ်လာမလားရယ်လို့ မျှော်လင့်ထားတတ်လို့ပါ။ တကယ်လို့ ဘာမှမဖြစ်လာဘူးဆိုရင်တောင် ကျွန်မက ဆိုရှယ်မီဒီယာနဲ့ ဝက်ဘ်ဆိုက်တွေမှာ တစ်ခုခုတင်ပြီး စိတ်လှုပ်ရှားစရာဖြစ်လာအောင် လုပ်တတ်ပါတယ်။ ဒါကြောင့်လဲ အသက်ခုနစ်ဆယ့်တစ်နှစ်အရွယ်ရောက်လာရတာ ပျော်စရာပါလို့ အစပိုင်းမှာပြောခဲ့တာပေါ့။ အသက်အရွယ်အတွက်ကြောင့်နဲ့တော့ ကျွန်မက စိတ်မညစ်ပါဘူး။ ပျော်လို့တောင်မှ အားမရသေးတဲ့ဟာ။

☆


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၂

## စွဲမက်စရာဖြစ်ပါစေ

### လုပဖို့ထက် စိတ်ဝင်စားစရာဖြစ်နေတာက ပိုကောင်းပါတယ်

အလှကုန်ကြော်ငြာအတွက် လူရွေးပွဲဝင်တဲ့အချိန် ကျွန်မအသက်က ငါးဆယ်ကျော်ပါပြီ။ လူရွေးပွဲဒါရိုက်တာက "အိုး . . . ခင်ဗျားကလှလိုက်တာ"လို့ ပြောပါတယ်။

"အဲဒါကိုက လိုအပ်ချက်မဟုတ်ဘူးလား"လို့ ကျွန်မက ပြန်မေးလိုက်ပါတယ်။

ဆိုလိုတာက ကျွန်မ အလှကုန်ကြော်ငြာအတွက် လာပြိုင်တာလေ။ တောင်အာဖရိကမှာ ကြီးပြင်းခဲ့ရပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့နေကျဓလေ့နဲ့ အကျွမ်းတဝင်ရှိနေတဲ့ ကျွန်မအဖို့တော့ ဒီစကားက အတော်လေး ရယ်စရာကောင်းတယ်လို့ ထင်မိပါတယ်။

သူတို့ပုံစံက အတော်လေး လန့်သွားပုံရတယ်။ သူတို့က ကျွန်မစကားကို ရယ်စရာကောင်းတယ်လို့ကို မထင်ခဲ့တာ။ ကျွန်မက မခန့်လေးစားလုပ်လိုက်တယ်လို့ ယူဆသွားတာကြောင့် အဲဒီအလုပ်အတွက် ဆန်ကာတင်စာရင်းထဲတောင် မပါဝင်ခဲ့ပါဘူး။

နောက်ပိုင်းမှာတော့ ကျွန်မက လူရွေးပွဲတွေ ဝင်ပြိုင်တဲ့အခါ "ကျေးဇူးတင်ပါတယ်"ဆိုတဲ့စကားပဲပြောဖို့ သင်ခန်းစာရခဲ့ပါတော့တယ်။

\+ + + + +

အမေရိကန်နိုင်ငံမှာ လူတွေက လှပဖို့လောက်ပဲ ဘာကြောင့်ပြောနေသလဲဆိုတာ ကျွန်မဖြင့် နားကိုမလည်နိုင်အောင်ပါပဲ။ တောင်အာဖရိကမှာဆိုရင် ရုပ်ရည်သွင်ပြင်ထက် အရည်အချင်းရှိမယ်၊ စိတ်ဝင်စားဖို့ကောင်းမယ်၊ ဟာသဉာဏ်ရှိမယ်ဆိုရင် အမျိုးသမီး

mgyoe.com

တစ်ယောက်ဟာ တန်ဖိုးထားလေးစားခြင်းခံရမှာ အသေအချာပါပဲ။ လူတွေက ''မင်းက ခင်ဖို့ကောင်းတယ်''လို့ ပြောကြမယ်။ နောက်ပြီး ကျွန်မကလဲ ခင်ဖို့ကောင်းတယ်လို့ ကိုယ့်ဘာသာထင်တယ်လေ။ အဲဒီတုန်းက အဲဒီလိုပဲထင်ခဲ့သလို အခုထိလဲ ဒီအတိုင်း ထင်တုန်းပါပဲ။ သူတို့တွေက ကျွန်မရဲ့ အာဟာရဗေဒပညာရှင်အလုပ်ကို ပိုပြီးစိတ်ဝင်စား ကြပါတယ်။ အကြောင်းက မပြတ်တမ်း လေ့လာဆန်းစစ်မှုနဲ့ ဟောပြောပွဲတွေမှာ ကျွန်မက အမြဲခေတ်မီနေလို့ပါ။ နောက်ပြီး ကျွန်မက မီဒီယာအလုပ်လုပ်တယ်၊ ဆွေးနွေးအကြံပေး မှုလဲ လုပ်တယ်လေ။ သူတို့တွေက ကျွန်မရဲ့ အလုပ်အပေါ်ထားတဲ့ ကျင့်ဝတ်နဲ့ ကျွမ်းကျင် မှုကို ပိုပြီးစိတ်ဝင်စားကြတယ်။

ပထမဆုံးအကြိမ် အမေရိကန်ကိုရောက်လာတော့ ကျွန်မက ကျွန်မရဲ့ အမြွှာ အစ်မကေးလ်ကို ဖုန်းဆက်ပြီး ဒီအမေရိကန်လူမျိုးတွေဟာ လှဖို့ပဖို့လောက်ချည်း တစ်ချိန်လုံး ပြောနေကြကြောင်း ပြောပြမိတယ်။

ကေးလ်က ကျွန်မအချစ်ရဆုံးလူတွေထဲက တစ်ယောက်ပါ။ ကျွန်မတို့ ညီအစ်မ ညတိုင်း ဖုန်းပြောဖြစ်ကြတယ်။ သူက ကျွန်မကို ကိစ္စအားလုံးကို အမှန်အတိုင်း ပြောပြတယ်။ ကျွန်မ ပိုက်ဆံတွေကို ဘယ်နေရာတွေမှာ ရင်းနှီးမြှုပ်နှံသင့်တယ်ဆိုတာက စလို့ အပေါ်ယံရွှေမှုန်ကြဲဟန်ဆောင်ရမလားဆိုတဲ့ကိစ္စတွေအထိ (သူကတော့ မလုပ်ဖို့ တားပါတယ်) အကြံဉာဏ်ကောင်းရတဲ့သူပါ။ အမြဲတမ်း ကျွန်မအတွက် ရှိပေးတတ်သလို ကျွန်မကို အမြဲတမ်း ကူညီပံ့ပိုးပေးတဲ့သူပေါ့။

ကေးလ်ရဲ့ အကောင်းဆုံးအချက်တစ်ခုက ပြောစရာရှိရင် တဲ့တိုးပြောတတ်သလို အဓိပ္ပာယ်မရှိတဲ့ ပေါက်ကရတွေကို နည်းနည်းမှ သည်းမခံတတ်သူပါ။ စိတ်ထဲမှာ တွေးမိတဲ့ အတိုင်း နှုတ်က ပြောတတ်သူပေါ့။

ဒီလိုပြောလို့လဲ သူက သိပ်ကို အတည်အခံ့ အလေးအနက် နေတတ်သူရယ် တော့လဲ မဟုတ်ပါဘူး။ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်၊ ရယ်ရယ်မောမောပါပဲ။ ကျွန်မတို့ မိသားစုထဲမှာဆို သူက ပျော်ပျော်နေတတ်တဲ့သူလေ။ သူကိုယ်တိုင်ကလွဲလို့ တခြားသူကို ဖျော်ဖြေဖို့ စိတ်မပါတာကလွဲလို့ပေါ့။ ရလဒ်အားဖြင့်တော့ လူတွေက သူ့ကို တဖြည်း ဖြည်းချင်း သဘောကျလာပြီး စကားစပြောတာနဲ့ အနားမှာတရစ်ဝဲဝဲ ဖြစ်ကုန်ကြတော့ တာပါပဲ။ တကယ်လို့ စာဖတ်သူလဲ သူနဲ့သာတွေ့လိုက်ရင် ချက်ချင်းသဘောကျသွားမှာ


mgyoe.com

သေချာပါတယ်။ ကေးလ်က တစ်ယောက်ယောက်နဲ့တွေ့စရာရှိရင် အခန်းထောင့်မှာထိုင်ပြီး သိုးမွေးထိုးရင်း ထိုင်စောင့်နေရမှာပါ။ ကံဆိုးတာက သူ ဝစီပိတ်ကျင့်နေချိန်ဆိုရင်တော့ ဘယ်သူနဲ့မှ စကားပြောမှာ မဟုတ်ပါဘူး။

\+ + + + +

ကေးလ်က ပြောတတ်တယ်။

"လူတွေက ပါးစပ်ကနေ ထုတ်မပြောရင်တောင်မှ အမြဲတမ်း နင့်ကို လှတယ်လို့ ထင်ကြတယ်။ နင် အခန်းထဲဝင်လာပြီဆိုရင် လိုက်ကြည့်နေကြရော"

ကျွန်မကတော့ ဘယ်သူ့ကိုမှ လိုက်ကြည့်တတ်တာမျိုး မဟုတ်တဲ့အတွက် သတိမထားမိပါဘူး။ ကျွန်မက ဘယ်ကိုဦးတည်ပြီးသွားရမလဲဆိုတာပဲ ကြည့်တယ်။ အဲဒီစကားကြောင့် ဟိုးလွန်ခဲ့တဲ့နှစ်တွေတုန်းက ကျွန်မနဲ့တွဲခဲ့တဲ့ ယောကျ်ားလေးတွေ ပြောခဲ့ဖူးတဲ့စကားကို ပြန်သတိရသွားစေတယ်။

"မေးလ်ရေ . . . တို့ စားသောက်ဆိုင်ထဲ လမ်းလျှောက်သွားတဲ့အခါ မင်းက ကိုယ့်အရှေ့ကလျှောက်ပါလား"

ကျွန်မကလဲ လျှောက်ပါတယ်။ နောက်တော့ သူတို့က ကျွန်မအနောက်ကနေ လိုက်လာကြမယ်။ ဒီနည်းအားဖြင့် သူတို့က ကျွန်မနဲ့တွဲနေတာပါဆိုတာ တစ်လောကလုံး သိသွားပါရော။ သေချာတာကတော့ အဲဒီလူတွေကပဲ ကျွန်မကို စွန့်ခွာထားရစ်ခဲ့တာပါပဲ။ အကြောင်းက လူဆိုတာ အပေါ်ယံအရေပြားတစ်ထောက်စာအလှကိုပဲ မြင်တတ်ကြတာကိုး။

ကျွန်မက သူတို့ကို အရင်စွန့်ပစ်ခဲ့သင့်တာ။ လှတဲ့သူတစ်စုံတစ်ယောက်ကို မြင်မိရင် အဲဒီအလှပဂေးလေးရဲ့ အဖော်လုပ်ပေးတာကို လိုလားကြမယ်။ တကယ်လို့ လူစိတ်ဝင်စားခြင်းမခံရတော့ရင် အလျင်အမြန် စွန့်ခွာသွားကြမှာပဲလေ။ ပြင်ပရုပ်ရည် သွင်ပြင်ထက် ကိုယ့်ရဲ့ပင်ကိုစရိုက်ကို သဘောကျ နှစ်ခြိုက်တဲ့သူကသာ ကိုယ့်အတွက် ရေရှည်လက်တွဲသွားနိုင်ပြီး ပိုကောင်း၊ ပိုသင့်တော်တာပါ။

ကျွန်မ စုံတွဲတစ်တွဲကို တွေ့ဖူးတယ်။ ယောကျ်ားက အတော်လေးခံ့တယ်၊ မိန်းကလေးကတော့ ရွက်ကြမ်းရေကျိုပဲ။ ကြည့်ရတာ အတော်လေး ကသိကအောက် နိုင်တဲ့ အတွဲပါလားပေါ့။ ဒါပေမဲ့ စကားလဲ စပြောရော၊ အဲဒီမိန်းကလေးက အခန်းထဲမှာ ရှိသမျှ လူတွေအားလုံးကို သံလိုက်လိုညို့ငင်ထားတော့တာမျိုး။



mgyoe.com

mgyoe.com
SAMPLE BOOK


အဲဒါ သူ(မ)ရဲ့ စိတ်နေစိတ်ထား၊ ယုံကြည်ချက်ရှိမှု၊ ဘဝအပေါ်မြင်တဲ့အမြင်နဲ့ ဆိုင်မယ်။ အဲဒီအမျိုးသမီးလေးနဲ့ ကျွန်မသူငယ်ချင်းတွေ ဖြစ်ခဲ့ကြတယ်။ ထက်လဲထက်၊ ခင်ဖို့လဲ ကောင်းတာကိုး။ ကျွန်မဖြင့် သူ့ကို ခင်လို့မဝနိုင်အောင်ပါပဲ။

လူတစ်ယောက်ဆီမှာ အရည်အချင်းတွေ အများကြီးရှိနိုင်ပါတယ်။ ကျွန်မကတော့ ကိုယ်သေသွားရင် အုတ်ဂူပေါ်မှာ ''သူက သိပ်လှတာပဲ''ဆိုတာထက် ''သူက ခင်ဖို့ကောင်းတယ်''ဆိုတာမျိုးကို ပိုလိုချင်ပါတယ်။

အပေါ်ယံလွှာ အရေပြားတစ်ထောက်စာအလှအပေါ်မှီခိုလွန်းရင် ကိုယ့်ရုပ်ရည်က ကြည့်မကောင်းတော့တဲ့အချိန် စိတ်ထဲမှာ မလုံခြုံမှုတွေ ဖြစ်လာတတ်ပါတယ်။ မပျော်မရွှင်ဖြစ်လာစေပြီး အံ့ချီးဖွယ်ကောင်းတဲ့ ဉာဏ်ပညာထက်မြက်မှုတွေ၊ ခင်မင်ဖို့ကောင်းတာ၊ စိတ်ဝင်စားစရာကောင်းတာ စတဲ့ တခြားအရည်အသွေးတွေ ဖော်ထုတ်ဖို့ ရပ်တန့်သွားစေတတ်ပါတယ်။

\+ + + + +

ကျွန်မ အကြံပေးချင်တာကတော့ 'တစ်ပါးသူကို ကြင်နာပါ၊ နားထောင်ပေးပါ၊ တက်တက်ကြွကြွနေပါ' ဆိုတာပါပဲ။ သင့်ရဲ့ စုတ်ပြတ်သတ်နေတဲ့ ဘဝအကြောင်းနဲ့ စကားကို စမဖွင့်ပါနဲ့။ ယုံကြည်မှု၊ လေးစားသမှုရှိကြောင်း၊ သူတစ်ပါးအပေါ် စိတ်ဝင်စားမှုရှိကြောင်း ပြသပါ။ နောက်ပြီး ပြုံးပါ။ ဒါတွေက သင့်ကို စွဲမက်စရာဖြစ်စေပါလိမ့်မယ်။ လူတိုင်းမှာ တခြားသူနဲ့ မျှဝေစရာ အရည်အသွေးရယ်လို့ ရှိပြီးသားပါ။ တကယ်လို့ သင်က ဘာအရည်အသွေးမှ မရှိဘူးလို့ ခံစားနေရတယ်ဆိုရင်တောင်မှ သင့်ဘဝရဲ့ တချို့သောရှုထောင့်တွေမှာ ယုံကြည်ချက်ရှိတယ်လို့ ခံစားခဲ့ရတဲ့ အတိတ်ကာလတွေဆီ တစ်ခါလောက်ပြန်သွားကြည့်ပါ။ အဲဒီအချိန် အတိုင်းအတာတစ်ခုကို သေချာလေ့လာကြည့်ပါ၊ စိတ်ဖြာကြည့်ပါ၊ မျှဝေကြည့်ပါ။ အဲဒီလိုကနေ တဖြည်းဖြည်းချင်း စိတ်ဝင်စားစရာကောင်းသူ ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ သင့်မှာ ပရော်ဖက်ရှင်တစ်ခုခု၊ အလေ့အကျင့်ဒါမှမဟုတ် စိတ်ဝင်စားမှု တစ်ခုခုရှိတယ်ဆိုရင် အဲဒီအကြောင်း စာအုပ်တွေမှာ ရှာပြီးဖတ်ကြည့်ပါ။ လူတွေနဲ့ စကားပြောရင် ထည့်ပြောပါ။ အဲဒါအတွက် ရင်ခုန်စိတ်လှုပ်ရှားမှုရှိပါစေ။ ဒီလိုနဲ့ သင်ကိုယ်တိုင် ပိုပြီးစိတ်ဝင်စားစရာကောင်းလာမှာ ဖြစ်သလို ပိုပြီးလဲ ထက်မြက်သူတစ်ယောက် ဖြစ်လာပါလိမ့်မယ်။ အရာရာတိုင်းမှာ တော်နေ၊ တတ်နေဖို့

mgyoe.com

mgyoe.com SAMPLE BOOK

မလိုပေမဲ့ နယ်ပယ်တစ်ခုမှာတော့ ကျွမ်းကျင်မှုရှိဖို့ လိုပါတယ်။ တကယ်လို့ လူတွေက ကျွန်မကို ဟင်းချက်နည်းအကြောင်းလာမေးရင် ကျွန်မ မပြောပြနိုင်ပါဘူး။ ကျွန်မက ဟင်းချက်မှ မကောင်းတာလေ။ အဲဒါအတွက်တော့ ကျွန်မ စိတ်မကောင်းဖြစ်မနေပါဘူး။ ဒါဟာ ကျွန်မရဲ့အရည်အသွေးမဟုတ်သလို ကျွန်မ စိတ်ဝင်စားတဲ့နယ်ပယ် မဟုတ်လို့ပဲ။ လူတွေအထင်ကြီးလာအောင် ကျွန်မ မပျော်တဲ့အလုပ်ဖြစ်တဲ့ အစားအသောက် အသစ်အဆန်းတွေကို ချက်ပြုတ်ပြနေမှာ မဟုတ်တာတော့ သေချာပါတယ်။ ကိုယ်တော်တဲ့ အလုပ်တစ်ခုခုမှာ ပျော်နေဖို့ သေချာပါစေ။

နောက်ပြီး ဟာသဉာဏ်ရှိဖို့ ကြိုးစားကြည့်စမ်းပါ။ ပြီးတော့ လူတွေပြောနေသမျှကို လိုက်ပြီး ခံစားမနေစမ်းပါနဲ့။ ယောကျ်ားတစ်ယောက်က ကျွန်မနဲ့ ဒိတ်(ချိန်းတွေ့)ချင်တုန်းက ကျွန်မငြင်းလိုက်တော့ သူက ကျွန်မထက်ငယ်ရွယ်တဲ့ တစ်ယောက်ယောက်ကို အချိန်မရွေး အလွယ်တကူရှာလို့ရနိုင်တယ်လို့ ပြောလာတယ်။ ကျွန်မ ရယ်ပစ်လိုက်တယ်။ သူ ဘာကိုရှာနိုင်သလဲ၊ ကျွန်မ အရေးမလုပ်ဘူး။ သူ့ကို ကျွန်မမှ စိတ်မဝင်စားတာလေ။ ဒီတော့ သူပြောသမျှကို စိတ်ညစ်ခံပြီး လိုက်ခံစားမနေဘူးပေါ့။ ကျွန်မတို့ဟာ ဘဝကို ရှေ့ဆက်လျှောက်ဖို့နဲ့ ကိုယ့်ဘာသာ ကျေနပ်ပျော်ရွှင်နေဖို့ လိုပါတယ်။ တကယ်လို့ စာဖတ်သူဟာ ဟာသဉာဏ်ရှိရှိ ပြောနိုင်ဆိုနိုင်မယ်၊ ကိုယ့်ဘာသာ အရွှန်းဖောက်တတ်မယ်၊ နောက်ပြီး စကားပြောတဲ့အခါ ကိုယ့်အသံမှာလဲ ပေါ့ပေါ့ပါးပါးရှိဟန်ကို စွက်နိုင်မယ်ဆိုရင် ပိုပြီးခင်ဖို့ကောင်းလာမှာ အသေအချာပါပဲ။ ကိုယ့်အကြောင်းကိုယ် မပြောမိဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ အထူးသဖြင့် အခက်တွေ့နေချိန်မှာပေါ့။ ဒါပေမဲ့ စွဲမက်စရာဖြစ်နေဖို့တော့ လိုတယ်ဆိုတာ မမေ့ပါနဲ့နော်။

☆


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၃

### နာမည်ကြီးမော်ဒယ်ပေမဲ့ ဝတ်တော့ အနုပ်စုတ်ကုပ်စုတ်

**ကိုယ်တိုင်စတိုင်လ်ကျနေစရာမလိုပါဘူး။**
**စတိုင်လ်ကျတဲ့ သူငယ်ချင်းတစ်ယောက်သာ ရှာထားလိုက်ပါ**

ကျွန်မဆို ကျွန်မရဲ့မွေးနေ့ပွဲ ဒါမှမဟုတ် မင်္ဂလာဆောင်ပွဲတချို့ တက်စရာရှိမှ တစ်နှစ်ကို နှစ်ခါလောက်ပဲ သားသားနားနားဝတ်တာ။ အသက်ခြောက်ဆယ့်ခုနစ်နှစ် ရောက်တဲ့အချိန် သားကြီးအီလွန်ရဲ့ညည့်သည်အနေနဲ့ ရောမဖက်ရှင်ပွဲကြီးဖြစ်တဲ့ မက်သ် ဂါလာပွဲတက်တဲ့အချိန်မှသာ ကော်ဇောနီပေါ်လမ်းလျှောက်ဖို့အတွက် ဘယ်လောက်အထိ ပြင်ဆင်ဖို့ လိုအပ်သလဲသိပါတော့တယ်။ သားသားနားနား ဝတ်စားထားတဲ့အချိန် ဆိုရင်တော့ ကျွန်မစိတ်ထဲတက်ကြွနေတာပေါ့။ လမ်းလျှောက်ရင် မြောက်ကြွကြွ၊ ခပ်မတ်မတ်ရပ်ပြီး တွေ့သမျှလူတိုင်းကို ပြုံးပြနေမိတော့တာ။ ခြေလှမ်းတွေကလဲ သွက်နေ မယ်ထင်ပါရဲ့။

အခုတော့ ရုပ်ရှင်အစမ်းပြပွဲတွေ၊ ကော်ဇောနီဆုပေးပွဲတွေတက်ရောက်ဖို့ ဆယ်လီဘရစ်တီ (နာမည်ကျော်ပုဂ္ဂိုလ်) တွေကို အဲဒီလို အရောင်ထွက်ဖို့ ပြင်ဆင်ပေးရတဲ့ နောက်ကွယ်ကအဖွဲ့ရဲ့ အားထုတ်ကြိုးပမ်းမှုကို ကျွန်မ အသိအမှတ်ပြုမိပါပြီ။ ဒီဇိုင်နာတွေ၊ စတိုင်လ်လစ်တွေ၊ သူတို့လက်ထောက်တွေအားလုံးက လိုက်ဖက်သင့်လျော်မဲ့ဝတ်စုံကို ဒေါင်းတောက်အောင်ရှာကြဖွေကြရတာကိုး။ လူတွေ မသိလိုက်တာက ဝတ်စုံကလေး လှပကြော့ရှင်းနေစေဖို့ သေသပ်လှပတဲ့ အတွင်းခံအဝတ်အစားတွေက ပံ့ပိုးပေးထားရတယ် ဆိုတာပဲ။ နောက်ပြီး လက်ဝတ်လက်စားနဲ့ အသုံးအဆောင်ပစ္စည်းတွေကလဲ အရေးပါ

mgyoe.com

mgyoe.com SAMPLE BOOK

တာပါပဲ။ မသိမသာပစ္စည်းလေးတွေကနေ တဖွဲ့တနွဲ့အထိ အစားစားပေါ့။ ဆံပင်ပုံစံကလဲ တစ်ခါနဲ့တစ်ခါ မထပ်စေရဘူး။ ဒါမှလဲ တကူးတက ကြိုးစားအားထုတ်ထားမှန်း လူတွေ သိတော့မပေါ့။ မိတ်ကပ်သမားတွေက မိတ်ကပ်မပါတဲ့ သဘာဝအတိုင်းပုံစံ (ဒါလဲ ပြင်ရ ဆင်ရတာ တစ်နာရီကျော် ကြာပါတယ်) လိမ်းမလား၊ မျက်တောင်တုတွေ၊ ပါးရိုးချတာ တွေနဲ့ အလန်းစားပုံစံ လိမ်းမလား ဆုံးဖြတ်ရပါတယ်။ အခုတော့ အဲဒါတွေ အားလုံးက လူဦးရေ တစ်ရွာစာလောက်လိုမှန်း သိရပါပြီ။ ဒါတွေကို ဆယ်လီတွေဘက်ကလဲ အသိ အမှတ်ပြုသင့်ပါတယ်။

\+ + + + +

ပွဲတစ်ပွဲကို ပြင်ပြင်ဆင်ဆင်နဲ့ ကျွန်မ တက်ပြီဆိုရင်တော့ အဲဒါဟာ အနှစ် သုံးဆယ်ကျော် ကျွန်မအတွက် စတိုင်လ်လစ်အနေနဲ့ရော၊ အကောင်းဆုံးသူငယ်ချင်း အဖြစ်ပါ ရှိနေပေးခဲ့တဲ့ ဂျူလီယာပယ်ရီက ပြင်ဆင်ပေးတာကြောင့်ပါပဲ။

ကျွန်မအသက်လေးဆယ့်သုံးနှစ်အရွယ်မှာ ဂျူလီယာနဲ့စတွေ့တာပါ။ အဲဒီတုန်းက ကျွန်မဟာ တိုရွန်တိုမှာ ဒုတိယမြောက် မဟာဘွဲ့အတွက် ကျောင်းပြီးခါစဖြစ်ပြီး အာဟာရ ဗေဒဆွေးနွေးခန်းဖွင့်နိုင်ဖို့ လုံးပန်းနေရတဲ့အချိန်ပေါ့။ မော်ဒယ်အလုပ်က ကျွန်မအတွက် အကျိုးရှိမှန်း အကြိမ်ကြိမ် သက်သေပြနေပါပြီ။ အကြောင်းက မော်ဒယ်အေဂျင်စီတစ်ခုမှာ ကျွန်မက သူတို့အတွက် မော်ဒယ်လုပ်ပေးပြီး သင်တန်းကျောင်းမှာ ညနေဘက်တွေ သင်တန်းသားတွေကို သင်ကြားပေးမယ်ဆိုရင် ရုံးခန်းတစ်ခု အခမဲ့ပေးသုံးမယ်ဆိုပြီး ကမ်းလှမ်းလာခဲ့ပါတယ်။ ကျွန်မက ရှိုးလျှောက်နည်း၊ ပုံနှိပ်မီဒီယာအတွက် ကိုယ်ဟန်ပြ နည်းနဲ့ တခြားသော သိသင့်သိထိုက်တာတွေကို ပြန်လည်သင်ကြားပေးခဲ့ပါတယ်။ အဲဒီ အတွက် ရလဒ်အနေနဲ့ ပထမဆုံးအကြိမ်အဖြစ် အိမ်နဲ့ဝေးတဲ့ သီးသန့်နေရာတစ်ခုမှာ ကိုယ်ပိုင်ရုံးခန်းတစ်ခု ရခဲ့ပါတယ်။ ဒါဟာ သိပ်ကို စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် ပရော်ဖက်ရှင်နယ်ဆန်တယ်လို့ ခံစားရစေပါတယ်။

တစ်လပဲကြာပါတယ်၊ သူတို့က ကျွန်မကို အဲဒီမော်ဒယ်သင်ကျောင်းရဲ့ဒါရိုက်တာ အဖြစ် လုပ်ပေးမလားလို့ ကမ်းလှမ်းလာပါတယ်။ အကြောင်းက အဲဒီကျောင်းကို ကိုင်တွယ် အုပ်ချုပ်နေတဲ့ အမျိုးသမီးရဲ့ လုပ်ပုံကိုင်ပုံက အတော်လေး ယိုယွင်းလာလို့ပါတဲ့လေ။ ကျွန်မဟာ အမြဲတမ်း ယုံကြည်ကိုးစားလို့ရနိုင်တယ်၊ အချိန်တိကျတယ်ဆိုတာ သူတို့


mgyoe.com

mgyoe.com SAMPLE BOOK

သိသွားတော့ ဒါဟာ အားသာချက်တစ်ရပ်ဖြစ်လာတာပေါ့။ အဝတ်အစား ဝတ်ပုံစားပုံနဲ့ ပတ်သက်ပြီး သင်ကြားပေးဖို့လဲ တောင်းဆိုခံရပါတယ်။ တောင်အာဖရိကမှာလဲ ကျွန်မက ဝတ်စားဆင်ယင်ပုံနဲ့ပတ်သက်ပြီး သင်ကြားပြသပေးနေကျပါ။ ဒါပေမဲ့ ကျွန်မ အမှန် တကယ် သိထားတာဟာ ဘယ်လောက်အထိ နည်းပါးမှန်း တကယ်မသိပါဘူး။

သူတို့က ကျွမ်းကျင်ပညာရှင်တစ်ယောက် ဖိတ်ခေါ်လာပါတယ်။ နောက်တော့ အဲဒီအမျိုးသမီး စကားစပြောလိုက်တာနဲ့ ကျွန်မဟာ ဝတ်စားဆင်ယင်ပုံနဲ့ပတ်သက်ပြီး ဘာမှမသိသေးမှန်း သဘောပေါက်လိုက်ပါတော့တယ်။ သူက ရာသီဥတုလေးမျိုးရှိတဲ့ အကြောင်း စပြောပြီး မတူညီတဲ့ အရောင်အတွဲအစပ်တွေ၊ မတူညီတဲ့ ပိတ်သားတွေ အကြောင်း ပြောလိုက်တာ ကျွန်မမှာ မနည်းလိုက်မှတ်နေရပါတော့တယ်။

ဒီနည်းနဲ့ ကျွန်မ ဂျူလီယာ့ကို စသိခဲ့တာပါ။ သူ့မှာလဲ ကျွန်မအပေါ်မြင်တဲ့ သီးသန့်အမြင်ရှိလိမ့်မယ် ထင်ပါတယ်။

''ဒီမော်ဒယ်သင်တန်းမှာ သင်ကြားပေးနေတဲ့ ဟောဒီအမျိုးသမီးလှလှလေးဟာ တကယ်တော်တဲ့ မော်ဒယ်ပါ။ ဒါပေမဲ့ အဝတ်အစားဝတ်ထားတာကတော့ အင်မတန် ဝွမ်းပါတယ်။ အတော်လေး စုတ်ပြတ်တာပါ''လို့ ပြောပြပါလိမ့်မယ်။

လတ်တလောကာလမှာတော့ ကျွန်မဟာ အမြဲလိုလို နောက်ဆုံးပေါ်ဖက်ရှင် တွေနဲ့ ပျံ့နေအောင် ဝတ်ထားတာ တွေ့ရတတ်ပေမဲ့ ကျွန်မဘဝရဲ့ အချိန်အများစုမှာတော့ အဲဒီလိုမဟုတ်ပါဘူး။ ကလေးတုန်းကဆို ကျွန်မအမေက သူ့အဝတ်အစားတွေကို ကိုယ်တိုင်ချုပ်ဝတ်သလို ကျွန်မတို့သားသမီးတွေအတွက်လဲ သူကပဲ ချုပ်ပေးပါတယ်။ ဆယ်ကျော်သက်ဘဝမှာ ကျွန်မကလဲ အပ်ချုပ်သင်ခဲ့ပါတယ်။ ဒါမှ ကိုယ်ဝတ်ချင်တာ ကိုယ့်ဘာသာချုပ်ဝတ်နိုင်မှာဆိုတဲ့အတွေးနဲ့ပါ။ ကျွန်မက ခေါင်းလောင်းဘောင်းဘီနဲ့ ရင်ပြတ်အင်္ကျီတွေ ချုပ်ဝတ်ခဲ့ဖူးပါတယ်။ အနောက်တိုင်းဝတ်စုံတောင် ချုပ်တတ်ပါ သေးတယ်။ ပထမတော့ ပုံစံချရခက်တာပေါ့။ နောက်တော့ မေမေက ကျွန်မကို ပုံစံချပြီး ညှပ်တဲ့သင်တန်းကို ပို့ပေးလိုက်ပါတယ်။ အဲဒီကနေ ကျွန်မက နမူနာပုံစံမရှိသေးတဲ့၊ မဂ္ဂဇင်းတွေထဲမှာပဲ တွေ့ရတတ်တဲ့ပုံစံမျိုးတွေအထိ ချုပ်တတ်လာပါတော့တယ်၊ တကယ်လို့ ကျွန်မက အပျံစားဖက်ရှင်တွေ ဝတ်ချင်တယ်ဆိုရင် ကိုယ့်ဘာသာချုပ်ဝတ်နိုင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ပရော်ဖက်ရှင်နယ်တစ်ယောက်အနေနဲ့ အလုပ်အတွက် အဝတ်အစားရွေးချယ်တဲ့အခါမှာ ကျွန်မက အနောက်တိုင်းဝတ်စုံတွေပဲ အဝတ်များပါတယ်။ အရမ်းကျပ်ထုတ်နေတာ၊ လျှပ်ပေါ်လော်လီတာတွေကို ရှောင်ပါတယ်။ ကျွန်မက ဆွေးနွေးအကြံပေးတဲ့အလုပ် လုပ်နေတာလေ။ အနောက်တိုင်းဝတ်စုံဝတ်ပြီး ဆွေးနွေးခန်းထဲ ယုံကြည်ချက်ရှိရှိဝင်လိုက်ရတာကို ကျွန်မ သဘောကျပါတယ်။ ဒါဟာ ကျွန်မကို ထက်မြက်တဲ့ဟန်ပေါက်စေပြီး ယုံကြည်ကိုးစားလို့ရတယ်ဆိုတဲ့ အထင်မျိုး ပေါက်စေမယ်လို့ ကျွန်မ ခံစားမိပါတယ်။

ကျွန်မသမီး တော့စကာကတော့ ''မေမေ မီးခိုးရောင်ဝတ်စုံကြီးကို ထပ်ဝတ်ဦးမလို့လား၊ ဒါမှမဟုတ် နက်ပြာရောင်ဝတ်စုံကို ဝတ်ဦးမလို့လား''လို့ မေးတတ်ပါတယ်။

ဘာလို့ဆို ကျွန်မဝတ်တဲ့ ဝတ်စုံတွေအားလုံးနီးပါးက အရောင်တွေ၊ ပုံစံတွေက ခပ်ဆင်ဆင်တွေချည်းဖြစ်နေပြီး ထူးထူးခြားခြား မဟုတ်လို့ပါ။

ကျွန်မက အမြဲတမ်း ကိုယ့်ဘာသာ ဂရုစိုက်တတ်ပါတယ်။ ဖက်ရှင်အမြင်တော့ သိပ်မရှိဘူးပေါ့။ ကံကောင်းတာက ကျွန်မကိုယ်တိုင် အဲဒီကိစ္စကို သတိမထားမိတာပါပဲ။ ဘာကြောင့် သတိထားမိရမလဲနော်၊ ဘေးမှာ သိပ္ပံပညာရှင်တွေနဲ့ ဝန်းရံထားပြီး ကျွန်မတို့အားလုံးက သုတေသနအလုပ်တွေ၊ တခြားသူတွေအတွက် ကောင်းရာကောင်းကျိုးဖြစ်တဲ့ ကျန်းမာရေးကောင်းလာအောင် ဘယ်လိုဆောင်ရွက်ပေးရမလဲဆိုတဲ့ကိစ္စတွေမှာပဲ အာရုံစိုက်နေရတာ မဟုတ်လား။ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်ချစ်ပါတယ်။ ကျွန်မက သူငယ်ချင်း သိပ္ပံပညာရှင်တွေထက်တော့ ပိုပြီး စတိုင်လ်ကျပါတယ်၊ အဲဒါကြောင့် လုပ်ဖော်ကိုင်ဖက်တွေအားလုံးထဲမှာ ကျွန်မက ဝတ်ပုံစားပုံ ခေတ်အမီဆုံး ဖြစ်နေတာပေါ့။ နောက်ပြီး အဲဒါကိုက ကျွန်မအတွက် ယုံကြည်ချက်ရှိနေစေတာလေ။

နောက်တော့ ကျွန်မ ဂျူလီယာနဲ့ဆုံတယ်။ ဂျူလီယာက ကျွန်မအနေနဲ့ ဒီထက်ပိုပြီး ကောင်းကောင်းမွန်မွန် ဝတ်သင့်တယ်လို့ ပြောတယ်။ ကျွန်မမှာ ပုံစံတူဝတ်စုံတွေအများကြီးရှိနေမဲ့အစား ပိုကောင်းတဲ့အသားနဲ့ သပ်သပ်ရပ်ရပ်ချုပ်ထားတဲ့ ဝတ်စုံတစ်စုံလောက်ရှိရင် လုံလောက်ပြီလို့ ပြောလာတယ်။ ပြီးတော့ သူက ကျွန်မရဲ့အဝတ်ဗီရိုကိုလဲ ကူရှင်းပေးမယ်တဲ့လေ။ ကျွန်မ သူ့အကူအညီလိုအပ်ပါတယ်၊ ဒါပေမဲ့ ပေးစရာပိုက်ဆံတော့ မရှိဘူး။ ဒီလိုနဲ့ ကျွန်မက သူ့ကို အစားအသောက်အတွက် အကြံပေးမယ်၊ သူက ကျွန်မအတွက် စတိုင်လ်အကြံပေးလုပ်ပေးဖို့ သဘောတူညီမှု ယူလိုက်နိုင်တယ်။ ကျွန်မ


mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ထဲ သူ့ရဲ့ စားသောက်ပုံအလေ့အကျင့်ကို ပိုကောင်းလာအောင် လုပ်ပေးလိုက်နိုင်တယ်လို့ထင်မိတယ်။ တကယ်လဲ ဟုတ်ပါတယ်လို့ သူက အမြဲတမ်းပြောတတ်တယ်။ ပြီးတော့ အခုထိလဲ အကြံပေးနေတုန်းပဲ။ နောက်ပြီး သူပေးတဲ့ အကြံက ကျွန်မဘဝကြီးကို ပြောင်းလဲသွားစေတယ်ဆိုတာလဲ ကျွန်မ သဘောပေါက်ပါတယ်။

ဂျူလီယာနဲ့ မတွေ့ခင်တုန်းက ကိုယ့်ဘာသာဆို ထိရောက်မှုအရှိဆုံးဖြစ်အောင် ဘယ်လိုဝတ်ဆင်ရမလဲဆိုတာ ကျွန်မ လုံးဝနားမလည်ခဲ့ဘူး။ ဂျူလီယာနဲ့တွေ့ပြီးတဲ့နောက် အတွင်းစိတ်မှာ ယုံကြည်ချက်ရှိသလို အပြင်ပန်းမှာလဲ ယုံကြည်ချက်တိုးလာတယ်။ နောက်ပြီး အလုပ်နှစ်ခုလုံးမှာရနေတဲ့ အောင်မြင်မှုက အဝတ်အစားကို ဘယ်လိုဝတ်ဆင်သင့်သလဲဆိုပြီး သူပေးနေတဲ့အကြံနဲ့လဲ ဆက်စပ်နေလိမ့်မယ်ဆိုတာ ကျွန်မ ဝန်ခံပါတယ်။

ဂျူလီယာက ကျွန်မဆီလာပြီး အဝတ်အစားတွေကို လာကြည့်ပါတယ်။ ပြီးတော့ အားလုံးနီးပါးကို လွှင့်ပစ်တော့တာပဲ။ ကျွန်မမှာ ဝတ်စရာဆိုလို့ နည်းနည်းလေးပဲ ကျန်ပါတော့တယ်။

''ကဲ . . . မင်းအနေနဲ့ အနောက်တိုင်းဝတ်စုံတစ်စုံ၊ ဘလောက်စ်နှစ်ထည်၊ ဖိနပ်တစ်ရံနဲ့ အိတ်တစ်လုံးဝယ်ရမယ်၊ ဟုတ်ပြီလား''

''ငါ ဘာမှဝယ်ဖို့ မတတ်နိုင်ဘူးကွယ်''

''မင်းအနေနဲ့ မင်းရဲ့ဖောက်သည်တွေနည်းတူ ကြည့်ကောင်းနေဖို့လိုတယ်''

အဲဒီတုန်းက ကျွန်မဟာ ငွေကြေးနဲ့ပတ်သက်ပြီး ရုန်းကန်နေရဆဲပါ။ အဲဒါကြောင့် ကျွန်မတို့က တစ်ဆင့်ချင်းစီလုပ်ကြဖို့ သဘောတူလိုက်တယ်။ ကျွန်မအတွက်တော့ ဘာမှ သိပ်မလိုပါဘူး။ ဖောက်သည်တွေက တစ်ပတ်မှတစ်ခါလောက် ကျွန်မနဲ့တွေ့ဖြစ်တာမို့ နေ့စဉ်တိုင်းအတွက် မတူညီတဲ့အရာတွေကို အမြဲတမ်းလိုမနေဘူးလေ။

ပထမဆုံးအကြိမ်အဖြစ် သိပ်လှတဲ့ပိတ်သားနဲ့ သေချာတိုင်းပြီး ချုပ်ထားတဲ့ ဝတ်စုံကို ဝတ်လိုက်ရတဲ့အချိန် ကျွန်မအတွက် ယုံကြည်ချက်တွေ အမှန်တကယ် တိုးလာတယ်လို့ ခံစားရပါတယ်။

ဝင်ငွေတိုးလာတဲ့အချိန် ဂျူလီယာက ကျွန်မရဲ့ အဝတ်ဗီရိုကို တဖြည်းဖြည်းချင်း ဆက်လက်တည်ဆောက်ခိုင်းပေမဲ့ ကျွန်မအတွက် အချိန်ကမရပြန်ပါဘူး။ အလုပ်တွေ လုပ်ရလွန်းလို့ ဈေးပင်ထွက်ဖို့၊ ဝယ်ဖို့အချိန်ရယ်လို့ မရှိလို့ပါ။

''အချိန်တစ်နာရီလောက် ချန်ထား''


mgyoe.com

mgyoe.com SAMPLE BOOK

ကုန်တိုက်ကြီးတွေက ကျွန်မတို့နေတဲ့နေရာနဲ့ အနီးအနားမှာတင်ရှိပါတယ်။ ဒီတော့ သူက အဲဒီနေရာတွေကို ကြို့သွားပြီး ကျွန်မအတွက် အရေးကြီးတယ်လို့ ယူဆရတဲ့ ပစ္စည်းတွေကို ရွေးထားတတ်တယ်။ ဥပမာ–ဒုတိယမြောက်အနောက်တိုင်းဝတ်စုံ၊ ရှူးဖိနပ်တွေနဲ့ ဘလောက်ခ်အင်္ကျီတွေ၊ ထသွားထလာဝတ်တဲ့ အဝတ်အစားတွေ၊ ကုတ်အင်္ကျီ တစ်ထည် စသဖြင့်ပေါ့။ ကျွန်မကတော့ အားချိန်ကလေးရတာနဲ့ အပြေးအလွှားသွားပြီး အစမ်းဝတ်ကြည့်၊ ပြီးရင် ရုံးခန်းဆီမပြန်ခင် ကိုယ်ရွေးပြီးယူလိုက်တာတွေအတွက် ပိုက်ဆံရှင်းပေါ့။ ကျွန်မတို့ နှစ်လကို တစ်ခါလောက် အဲဒီလိုလုပ်ဖို့ အချိန်းအချက် လုပ်ထားလိုက်ကြတယ်။ ဒီနည်းနဲ့ သူက ကျွန်မရဲ့ အဝတ်ဗီရိုကို ပြန်တည်ဆောက်ပေးခဲ့တာပါ။

\+ + + + +

တကယ်လို့ စာဖတ်သူက ကျွန်မလိုပဲ စတိုင်လ်တော့ကျချင်တယ်၊ ဒါပေမဲ့ အလုပ်ရှုပ်လိုက်တာလို့ ထင်နေမိတယ်ဆိုရင် အလွန်ဖက်ရှင်အမြင်ရှိတဲ့ သူငယ်ချင်း တစ်ယောက်ကို ရှာလိုက်ပါ။ အဲဒီလိုလူမျိုးတွေက ရှော့ပင်ထွက်ရတာ သဘောကျတတ်ကြတယ်။ သူ့ကို ရှော့ပင်သွားတိုင်း ကိုယ့်အတွက် အခြေခံအားဖြင့် လိုအပ်မဲ့အရာတွေကို ရွေးချယ်ခိုင်းကြည့်ပါ။ ပွဲတက်အခမ်းအနားအတွက် အသုံးဝင်မဲ့ ပစ္စည်းတချို့တလေကိုလဲ ဝိုင်းဝန်းကြည့်ခိုင်း အကြံပေးခိုင်းပါ။ နားကပ်တွေ၊ လည်ဆွဲတွေ၊ ဟန်းဘတ်အိတ်တွေ၊ ဖိနပ်တွေ၊ အသားကပ်ခြေအိတ်တွေအတွက်လဲ သူတို့ကို ရွေးခိုင်းသင့်ပါတယ်။ လုံးဝပြီးပြည့်စုံတဲ့ပုံစံကို လိုတယ်မဟုတ်လား။ သူတို့ရွေးချယ်ပေးနေတဲ့အချိန်မှာတော့ အဲဒီ အဝတ်အစား၊ အသုံးအဆောင်တွေဟာ အတော်လေးထူးဆန်းပြီး သက်သောင့်သက်သာ မရှိလိုက်တာလို့ ခံစားရမှာ သေချာပါတယ်။ ကျွန်မလဲ တစ်ချိန်လုံး ဒီအတိုင်း ခံစားခဲ့ရတာပါပဲ။ ဒါပေမဲ့ ကျွန်မထက် စတိုင်လ်ပိုမိတဲ့ တစ်စုံတစ်ယောက်ရဲ့အမြင်ကို မျက်စိမှိတ်ယုံလိုက်လို့ တွေ့သမျှလူတွေ ချီးကျူးခံရတာ အကြိမ်ကြိမ်ပါပဲ။ အပြောင်းအလဲလုပ်ချင်စိတ်ရှိပါ။ အမှားတွေလုပ်ဖို့မကြောက်ပါနဲ့။ ပြီးရင် ကိုယ့်အတွက် သင့်လျော်မှန်ကန်တဲ့ စတိုင်လ်ကို မတွေ့ရမချင်း ထပ်တလဲလဲ ပြောင်းလဲပါ။

ဘဝရဲ့ အချိန်တော်တော်များများမှာ ကျွန်မက ငွေကြေးအရ မချမ်းသာပါဘူး။ အခုထိလဲ ကျွန်မတတ်နိုင်သလောက် အတိုင်းအတာလေးနဲ့ စတိုင်လ်ကျ၊ လှပအောင် ဝတ်နိုင်ဖို့ ကြိုးစားနေရဆဲပါပဲ။ နှစ်ပေါင်းများစွာ ကျွန်မလုပ်သလို အဝတ်အစားတွေ

mgyoe.com

mgyoe.com
SAMPLE BOOK

တပြည်းပြည်းချင်းစုနိုင်ပါတယ်။ လှပတဲ့အဆင်နဲ့ ဈေးမကြီးတဲ့အစကိုဝယ်ပြီး ဂါဝန်လှလှလေး ချုပ်ဝတ်နိုင်ပါတယ်။ သေချာတာက အပ်ချုပ်စက်တစ်လုံးလဲ ရှိရပါလိမ့်မယ်။ ဈေးမကြီးတဲ့ အဝတ်အစားအရောင်းဆိုင်တွေ၊ လျှော့ဈေးရောင်းပေးနေတဲ့ ဆိုင်တွေလဲ ရှိနေတာပဲလေ။ တစ်ခါတလေ ကျွန်မလဲ အဝတ်အစားဝယ်ဖို့ အဲဒီလိုဆိုင်တွေဆီ သူငယ်ချင်းတစ်ယောက်ယောက်ခေါ်သွားပြီး ကူရွေးခိုင်းတတ်တာပါပဲ။ ကျွန်မတို့တိုရန်တိုကို ရောက်စအချိန်မှာ သူငယ်ချင်းတစ်ယောက်က ကျွန်မကို လျှော့ဈေးဆိုင်ခေါ်သွားပြီး အသက်လေးဆယ့်နှစ်နှစ်အရွယ်ကျမှ ဆယ်ဒေါ်လာတန် မီနီစကပ်တစ်ထည်ဝယ်ဝတ်ခိုင်းနေသေးတာ။ ကျွန်မဖြင့် ရှက်လိုက်တာ။ ဒါပေမဲ့ လူတိုင်းကတော့ အဲဒီစကပ်လေးဝတ်ထားတာတွေ့ရင် သဘောကျတယ်လို့ ပြောတတ်တယ်။ ကြည့်ကောင်းစေဖို့ ပိုက်ဆံတွေအများကြီးရှိမှ ဖြစ်မယ်လို့ လူတွေက အထင်ရောက်နေတတ်ကြပါတယ်။ ဒါပေမဲ့ ငွေကြေးအတွက် နှစ်ပေါင်းများစွာ ရုန်းကန်ခဲ့ရသူတစ်ယောက်အနေနဲ့ ပြောမယ်ဆိုရင်တော့ အဝတ်အစားဆိုတာ နှစ်စဉ်အသုံးစရိတ်ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ကြိုတင်ရှုမြင်ထားတတ်ဖို့ လိုပါလိမ့်မယ်။ ဆံပင်ညှပ်ခ ဒါမှမဟုတ် သွားဆရာဝန်ဆီ သွားဆေးခန်းပြခ ကြိုတင်တွက်ချက်ပြီး ဖယ်ထားရတာနဲ့ ခပ်ဆင်ဆင်တူပါတယ်။ တကယ်လို့ သင့်မှာ တစ်နှစ်ကိုနှစ်ခါ ဒေါ်လာ ၅၀၀ ဖိုးပဲသုံးဖို့ အခွင့်ရှိမယ်ဆိုရင် အကြီးအကျယ် လျှော့ဈေးချတဲ့အချိန်တွေ၊ တစ်ပတ်ရစ်ဆိုင်လေးတွေ၊ သွားရမဲ့နေရာနဲ့ အလုပ်အကိုင်အတွက် လိုက်ဖက်မဲ့ ဝတ်စုံ နှစ်စုံ၊ သုံးစုံလောက် ဝယ်ထားတာမျိုး လုပ်လို့ရသလို လိုအပ်တာလေးလောက်ပဲ ငှားပြီးဝတ်လို့ရမဲ့ အငှားဆိုင်တွေလဲ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံရတာတွေက ထိုက်တန်ဖို့လိုပါတယ်။ အစီအစဉ်လေးရှိဖို့ပဲလိုတာပါ။

\+ + + + +

ကျွန်မရဲ့အစီအစဉ်ကတော့ ဒီလိုပါတဲ့။ တစ်နှစ်ကိုနှစ်ခါ ကျွန်မရဲ့သူငယ်ချင်း ဂျူလီယာက ကျွန်မရဲ့တိုက်ခန်းကိုလာပြီး အဝတ်ဗီရိုကိုစစ်ဆေးပေးပါတယ်၊ နှစ်ယောက်သားအကောင်းဆုံးနဲ့ အခြေခံအကျဆုံးလိုအပ်တာတွေပဲ ကျန်ရစ်အောင် အမြဲမပြတ် ချုံ့ပစ်ကြတယ်။ အဲဒီလိုလုပ်ဖို့ဆိုရင် အဝတ်ဗီရို၊ အဝတ်အံဆွဲထဲက အရာရာကို ဆွဲထုတ်ရပါတယ်။ ကိုယ်နဲ့တော်တဲ့၊ ကိုယ်ကလဲ ဝတ်ရတာသဘောကျ၊ ကြိုက်နှစ်သက်တဲ့ အဝတ်အစားတွေ၊ အသုံးအဆောင်တွေကို ပြန်ထည့်သိမ်းပါ။ ပြင်ဖို့လိုအပ်တာတွေကို ပြင်ဆင်ပါ။


mgyoe.com

ကျွန်မ အဝတ်ဗီရိုထဲက အမှန်တကယ်ဝတ်ဖြစ်မဲ့အရာတွေပဲ ကျန်တဲ့အထိ ရှင်းပစ်လိုက်တာကြောင့် အဝတ်အစားဝတ်ရတာဟာ ဝန်ထုပ်ဝန်ပိုးတစ်ခု မဟုတ်တော့ဘဲ ပျော်စရာတစ်ခု ဖြစ်လာစေပါတယ်။ ဖက်ရှင်ဘလော့ဂ်တွေဖတ်တဲ့သူတွေ၊ နာရီပေါင်း များစွာ ရှော့ပင်ထွက်တာ၊ မတူညီတဲ့ အဝတ်အစားတွေကို အစမ်းဝတ်ကြည့်တဲ့သူတွေ အများကြီးရှိပါတယ်။ သူတို့တွေက ဒါမျိုးကို သဘောကျတတ်ကြပါတယ်။ ကျွန်မကတော့ အဲဒါမျိုး သဘောမကျပါဘူး။ ကောင်းကောင်းမွန်မွန် ဝတ်ရတာကို သဘောကျပေမဲ့ အဝတ်အစားအပေါ် အဲဒီလောက်အထိ ဇာချဲ့ပြီး နေ့စဉ်အချိန်ပေးမနေချင်ပါဘူး။ ဒါကြောင့်မို့ ကျွန်မမှာရှိတဲ့ဟာတွေချည်း အမြဲလှည့်ပတ်ဝတ်နေမိတာပေါ့။ အဲဒါကြောင့် မဝတ်ဖြစ်တော့တဲ့ အဝတ်အစားတွေကို ဆွဲထုတ်ပြီး လှူဖို့ အိတ်ထဲထည့်ပစ်လိုက်ပါ တော့တယ်။ အဲဒီအဝတ်အစားတွေက လုံးဝ အကောင်းအသန့်တွေချည်းပါပဲ။ ကျွန်မနဲ့ မကိုက်ညီတော့ပေမဲ့ တခြားလူတွေကို အတော်လေးပျော်ရွှင်စေမှာပါ။ ကျွန်မ ကုတ်အင်္ကျီ တစ်ထည်ဖိုးတောင် မတတ်နိုင်ခဲ့တဲ့အချိန်တွေ ရှိခဲ့ပေမဲ့ ကျွန်မလှူပေးလိုက်တဲ့ အဝတ် အစားတွေကိုရလိုက်တဲ့ လူတွေ တိုရွန်တိုမြို့ထဲမှာ နွေးထွေးစွာ လည်ပတ်နေနိုင်ပါစေလို့လဲ ကျွန်မ ဆုတောင်းပေးပါတယ်။

တကယ်လို့ စာဖတ်သူက အဝတ်ဗီရိုကို တစ်ချိန်လုံးရှင်းလင်းမနေဘူးဆိုရင် အဝတ်ဗီရိုထဲမှာ သေးသွားလို့၊ ကြီးနေလို့၊ ပြန်ပြင်ဖို့လိုနေလို့ ဒါမှမဟုတ် မလိုက်ဖက် တော့လို့ဆိုပြီး မဝတ်ဖြစ်တဲ့ အဝတ်အစားတွေ တို့လို့တွဲလောင်းရှိနေပါလိမ့်မယ်။ အဝတ် အစားဆိုတာ အဓိက,က ခန္ဓာကိုယ်နဲ့ ကွက်တိကျဖို့ပါ။ သိပ်ကြီးနေရင် ပွရောင်းရောင်း ဖြစ်နေနိုင်သလို သိပ်ကျပ်နေနေပြန်ရင်လဲ ကြည့်မကောင်းပြန်ဘူးလေ။

ဂျူလီယာနဲ့ ကျွန်မတို့က အခြေခံကျတဲ့အရာတွေကို အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေနဲ့ စစုဖြစ်ကြတယ်၊ ပြီးရင် တဖြည်းဖြည်းချင်းတိုးပြီး စုသွားမယ်။ ဂျင်းဘောင်းဘီ ကောင်းကောင်းလေးတစ်ထည်၊ ဘွတ်ဖိနပ်အလန်းစားတစ်ရန်လောက်ကစပြီး ထည့်သွား မယ်ပေါ့။ နေ့စဉ်ဝတ်နေကျအရာတွေ (ဥပမာ–ဘယ်လိုအရာမျိုးနဲ့မဆို တွဲဖက်ဝတ်လိုက်တဲ့ အခါ ဆွဲဆောင်မှုရှိစေမဲ့ အနက်ရောင်ဂျင်းဘောင်းဘီလို ရိုးရိုးရှင်းရှင်းအရာလေးတွေ)က စစုပါ။ တွဲဝတ်လို့ရတာပေါ့။ မီးခိုးရောင်သိုးမွေးကုတ်အင်္ကျီ ဒါမှမဟုတ် လေကာကုတ်အင်္ကျီ လှလှလေးတစ်ထည်၊ တီရှပ်အကောင်းစား၊ ဘယ်လိုအရာနဲ့မဆို တွဲပြီးဝတ်လို့ရမဲ့

mgyoe.com

နားကွင်းတွေ။ တကယ်လို့ ရှင်က ရှင့်ရဲ့အဝတ်ဗီရိုကို စပြီးတည်ဆောက်ဖို့ကြိုးစားနေသူ ဆိုရင် ဒါမှမဟုတ် ခေတ်မီနေဖို့ဆိုရင် ဘလေဇာကုတ် ဒါမှမဟုတ် ဂျက်ကတ်အကောင်းစား တစ်ထည်မှာသာ ရင်းနှီးမြှုပ်နှံလိုက်ပါ။ အဲဒါကို ရှိနှင့်ပြီးသား အဝတ်အစားတွေထဲ ထည့်ပေါင်းလိုက်ပါ။

ရှင့်မှာ အခြေခံပစ္စည်းတွေ ရှိထားပြီးတဲ့နောက်ပိုင်းမှာ အရောင်တွေ ထပ်ထည့် ရတာ တကယ့်ကိုပျော်ဖို့ကောင်းပါတယ်။ အစိမ်းရောင် ဒါမှမဟုတ် ပန်းရောင်ရှိတဲ့ အပေါ်ထည်ဆွယ်တာ ဒါမှမဟုတ် ဘယ်လိုအဝတ်အစားမျိုးမဆိုရဲ့အပေါ်ကနေ ထပ်ဝတ် သွားလို့ရမဲ့ တစ်ခုခုပေါ့။ ဒါမှမဟုတ် လေကာကုတ်အင်္ကျီရဲ့ အသွင်အပြင်ကို ပြောင်းလဲ သွားစေနိုင်မဲ့ ကြောင်ကြောင်ကျားကျား ခါးပတ်တစ်ခုခုဖြစ်ဖြစ်၊ အရည်အသွေးကောင်းတဲ့ သားရေပစ္စည်းတွေက ရှိနှင့်ပြီးသားပစ္စည်းတွေထဲကို ခရီးတစ်ထောက်အနေနဲ့ ထပ်တိုးစေ သင့်တဲ့အရာတွေပါပဲ။ ရှင့်ရဲ့ပုံရိပ်ကိုလဲ အရောင်တင်ပေးသလိုဖြစ်စေတာပေါ့။ ဂျူလီယာက ကျွန်မရဲ့ အဝတ်ဗီရိုကို စပြီးရှင်းပေးတုန်းက ကျွန်မစုထားသမျှ ဟန်းဘက်အိတ်တွေ အားလုံးကို ရှင်းပစ်ပြီး အကောင်းစားသားရေအိတ်တစ်လုံးတည်းနဲ့ အစားထိုးပေးလိုက် တာပဲ။ ကျွန်မက ချွေတာနေပေမဲ့ သူက ကျွန်မကိုသင်ပေးတယ်။ အရေအတွက်ထက် အရည်အသွေးက ပိုအရေးကြီးတယ်ဆိုတာကိုပေါ့။ ဒီလိုနဲ့ အရည်အသွေးကောင်းတဲ့ အရာဝတ္ထုတွေကို ကြိုက်တတ်လာပြီး အဲဒါတွေဝယ်လို့လဲ အပြစ်ရှိတယ်လို့ မခံစားရတော့ တဲ့စိတ် ဝင်သွားပါတော့တယ်။ ဒီနည်းလမ်းအားဖြင့် ကျွန်မတို့ဟာ တစ်ချိန်တည်းမှာ ဖက်ရှင်လဲကျစေမှာဖြစ်သလို ချွေတာပြီးသားလဲ ဖြစ်သွားစေပါတယ်။ ဆိုလိုတာက တချို့ အရာတွေကိုချည်း ဖိသုံးပြီး အသစ်အသစ်တွေကို မဝယ်ဖြစ်တော့ဘူးပေါ့။

ဒီဇာတ်လမ်းလေးရဲ့ ဆိုလိုရင်းကတော့ အဝတ်အစားကောင်းကောင်းဝတ်တတ်ဖို့ ကိုယ်တိုင်က စတိုင်လ်ကျနေဖို့ မလိုပါဘူး။ ဖက်ရှင်အမြင်ရှိတဲ့ သူငယ်ချင်း တစ်ယောက် သာလိုတာပါ။

တစ်ခါတလေ ကျွန်မလိုပဲ ဆံဖြူအမျိုးသမီးတွေနဲ့ တွေ့ရတတ်ပါတယ်။ သူတို့က ပြောတတ်တယ်။ ''ကျွန်မ ရှင့်ဝတ်စုံလေး သဘောကျလိုက်တာ''။ အဲဒီအခါ ကျွန်မကလဲ ပြန်ပြောတတ်တယ်။ ''ရှင်လဲ ဝတ်လို့ရတာပဲဟာ''။ သူတို့က ''မဝတ်နိုင်ပါဘူး''လို့ ပြန်ဖြေလေ့ရှိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးအတော်များများက သူတို့အနေနဲ့ မဝတ်နိုင်ဘူးလို့ ထင်တတ်ကြပါတယ်။ ကျွန်မအရွယ်အမျိုးသမီးတွေ၊ အရွယ်စုံအမျိုးသမီးတွေက စမ်းတောင် မစမ်းကြည့်ကြပါဘူး။ သူတို့ရဲ့စိတ်ကို ကျွန်မ နားလည်ပါတယ်။ ဘာလို့ဆို ကျွန်မကိုယ်တိုင်လဲ ဒီအတိုင်း ဖြစ်ခဲ့ဖူးတာကိုး။

ဂျူလီယာက ''ဒါဝတ်ကြည့်စမ်း''လို့ပြောရင် ကျွန်မက ''ဟင့်အင်း . . . မဝတ်ချင်ပါဘူး''လို့ ဖြေမယ်။

ကျွန်မက အတင်းငြင်းဖို့ကြိုးစားလဲ သူက အလျှော့မပေးတတ်ပါဘူး။ ကျွန်မရဲ့ မွေးနေ့ပါတီပွဲကြီးတိုင်းမှာ ဂါဝန်က သိပ်ကျပ်နေတယ်တို့၊ အရမ်းကို ထင်ပေါ် လွန်းနေတယ်လို့ပြောရင် သူက ကျွန်မကို အရေးမလုပ်တော့ပါဘူး။ သူအဲဒီလို ကူလုပ်ပေးတာ ကျွန်မ အလွန်တရာမှ ကျေးဇူးတင်ရပါတယ်။ ဘာလို့ဆို ဓာတ်ပုံတွေထဲမှာ ကျွန်မက တအားကို စတိုင်လ်ကျ လှပနေတာကိုး။



အဲဒါကြောင့် အခုဆို သူတစ်ခုခုတိုက်တွန်းရင် ကျွန်မ မငြင်းတော့ပါဘူး။ အကြောင်းက စမ်းဝတ်ကြည့်မိလိုက်ရင် ကြိုက်ချင်ကြိုက်သွားနိုင်တယ်ဆိုတာကို သိလိုက်ရပြီမို့လို့ပါပဲ။ တကယ်လို့ မစမ်းကြည့်ရင်ရော ဘာဖြစ်မလဲတဲ့၊ ဒါ အဝတ်အစားလေးတွေပါပဲ၊ သွေးပျက်ထိတ်လန့်စေမဲ့အရာမျိုးမှ မဟုတ်တာ။ ကိုယ့်ကိုကြောက်လန့်စေမဲ့အရာကို တစ်ခါလောက် စမ်းကြည့်လိုက်မယ်၊ အဆင်မပြေရင် နောက်တစ်ခေါက် ထပ်ဝတ်စရာမှ မလိုတော့ပဲလေ။ ဘယ်လိုအရာကမှ ထာဝရ မတည်မြဲဘူး မဟုတ်လား။


mgyoe.com

mgyoe.com SAMPLE BOOK

အရင်က ကျွန်မ အဲဒီ လောက်အထိ အရောင်ကြောင်ကြောင် ကျားကျားတွေ မကြိုက်ပေမဲ့ အခုတော့ ကြိုက်တတ်လာပါပြီ။ ဖက်ရှင်ရေးရာအယ်ဒီတာ့အာဘော်တွေနဲ့ အစမ်းရိုက်ချက်တွေမှာပါဝင်ရတော့ ရိုက်ချက်တွေက သိပ်လန်းပြီး ကျွန်မကိုလဲ အရောင်ထင်းထင်းတွေ ဒါမှမဟုတ် မထင်မှတ်ထားတဲ့ နည်းလမ်းတွေနဲ့ ဆင်ယင်ခြင်း ခံရတော့ တာကိုး။ အခုတော့ဖြင့် ကျွန်မကလဲ ဖက်ရှင်ဘက်ကို ပိုစိတ်ဝင်စားပြီး ပိုစွန့်စားရဲလာပါပြီ။ ကျွန်မရဲ့ပုံစံကိုလဲ ဖက်ရှင်အဖွဲ့လက်ထဲ ရဲရဲကြီး ဝကွက်အပ်လိုက်ရဲတဲ့သတ္တိ ရှိလာပါပြီ။ ပွဲတစ်ခုခုရှိလို့ တက်ရတော့မယ်ဆိုတဲ့ အကြိမ်တော်တော်များများ အပြင်မထွက်ခင် မှန်ကြည့်ရင်း အမြဲတွေးမိတတ်တာက 'ငါ့စတိုင်လ်လစ် ဘာတွေများတွေးနေသလဲ မသိဘူး။ ဒီပုံကြီး သဘောမကျပါဘူး'လို့ပေါ့။ ဒါပေမဲ့ ဓာတ်ပုံဆရာတွေ၊ သူငယ်ချင်းတွေနဲ့ လူစိမ်းတွေဆီက တုံ့ပြန်သံတွေကို ပြန်ကြားရတော့ ဝမ်းမြောက်မိပါတယ်။ အသက်ခုနစ်ဆယ်ကျော်အရွယ်တစ်ယောက်နဲ့ လားလားမှမတူတဲ့ ဖက်ရှင်အမြင်ရှိတယ် ဆိုပြီးတော့လေ။ ဘယ်လိုအရာတွေက ကျွန်မကို အတားအဆီး ဖြစ်စေခဲ့တာလဲ။

ချီးကျူးမှုတစ်ခု ရလိုက်တာကြောင့် ကိုယ့်စိတ်ထဲမှာ ကျေနပ်သွားမယ်၊ ခေါင်းမော့ ရင်ကော့ပြီး လျှောက်ရဲသွားမယ်၊ အပြုံးက ပိုအသက်ဝင်လာမယ်၊ ပြီးတော့ ကိုယ့်ရဲ့ ဖက်ရှင်စတိုင်လ်အသစ်နဲ့ပတ်သက်လို့ ပိုပြီး သက်သောင့်သက်သာ ရှိလာပါလိမ့်မယ်။ တစ်ခါလောက်ဖြစ်ဖြစ် စမ်းကြည့်လိုက်စမ်းပါ။

☆


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၅

# ကျွန်မက မိတ်ကပ်တွေကိုချစ်သလို မိတ်ကပ်တွေကလဲ ကျွန်မကိုချစ်တယ်

### မိတ်ကပ်တွေက ရုပ်သွင်နဲ့ စိတ်ခံစားချက်ကို ပြောင်းလဲပေးနိုင်တယ်

စွဲမက်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်ဖို့ဆိုတာနဲ့ပဲ ကိုယ့်ရဲ့ ပြင်ပပုံစံက ပျင်းစရာကြီးဖြစ်နေရမယ်လို့ မဆိုလိုပါဘူး။ ကျွန်မက မိတ်ကပ်တွေကိုချစ်တယ်။ ဘာလို့ဆို အဲဒါက ကျွန်မရဲ့ ကင်းဗတ်စပြောင်လို မျက်နှာပြင်ကိုယူပြီး ပန်းချီကားတစ်ချပ်လို ခြယ်မှုန်း ပစ်လိုက်တော့တာကိုး။ ကျွန်မမျက်နှာပေါ်မှာ နေလောင်ထားတဲ့ အကွက်တွေ ရှိတယ်။ မျက်လုံးအောက်မှာ အနက်ရောင်အကွင်းတွေရှိတယ်။ နောက်ပြီး ပါးရေတွန့်တာတွေလဲ ရှိတယ်။ အောက်ခံမိတ်ကပ်ကောင်းကောင်းနဲ့ ကွန်စီလာတွေက ကျွန်မရဲ့ အသား အရောင်ကို ညီသွားစေတယ်။ ကျွန်မရဲ့ မျက်ခုံးနဲ့ မျက်တောင်ကလဲ ပါးသလို နှုတ်ခမ်း ကလဲ ခပ်ပါးပါးရယ်။ မျက်ခုံးမွေးဆွဲခဲတံက ကျွန်မမျက်နှာကို ကြည့်ကောင်းအောင် ပုံစံချပေးတယ်။ မျက်လုံးပုံသွင်းတဲ့မိတ်ကပ်က ကျွန်မမျက်လုံးတွေကို ပိုကျယ်သွားအောင် ဖွင့်ပေးပြီး မျက်လုံးအိမ်ပိုကျယ်သယောင် ထင်ရစေတယ်။ မာစကာရာလို့ခေါ်တဲ့ မျက်တောင်ကော့ဆေးကတော့ ပိုပြီး ပံ့ပိုးပေးနိုင်တာပေါ့။ မျက်တောင်တုတွေက ကျွန်မကို အလန်းစား ခံစားချက်ကို ရစေသလို ကော်ဖေနီပေါ်လျှောက်ဖို့ အဆင်သင့်ဖြစ်စေတယ်။ နှုတ်ခမ်းလိုင်နာက ကျွန်မနှုတ်ခမ်းရဲ့ အပြင်သားတွေကို အနားသတ်ပေးပြီး နှုတ်ခမ်းတွေကို ပိုကြီးသွားအောင်လုပ်ပေးပြီး လပ်ပ်ဂလော့စ် (နှုတ်ခမ်းနီအပြောင်သား) ကတော့ နှုတ်ခမ်း တွေကို ဖူးဖူးလေးဖြစ်အောင် လုပ်ပေးတယ်လေ။ မိတ်ကပ်က ကျွန်မရဲ့ အရေတွန့်တာ တွေကို လျော့ကျစေသလို မျက်လုံးတွေကို ကြီးသွားစေတယ်။ နောက်ပြီး လည်ပင်းက အရေးအကြောင်းတွေကို ဖျောက်ပေးတယ်။ အဲဒါကြောင့် ကျွန်မက မိတ်ကပ်လိမ်းတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အိုင်းရှဲဒိုးနဲ့ နှုတ်ခမ်းနီအရောင်တွေပေါ်လိုက်ပြီး ပြင်ပုံ၊ ဆင်ပုံတိုင်းက မတူညီတတ်ပါဘူး။ လက်တွေ့စမ်းကြည့်ရတာ ပျော်ဖို့ကောင်းပါတယ်။ လိမ်းပြီးသွားတဲ့ရလဒ်ကို မြင်တွေ့ရတာကလဲ တကယ်မိုက်ပါတယ်။

+ + + + +

ကျွန်မ ဆယ်ကျော်သက်အရွယ်ကတည်းက မိတ်ကပ်စလိမ်းခဲ့တာပါ။ အခုထိ ကော်ဖောနီပေါ်လျှောက်ဖို့၊ ရှိုးလျှောက်ဖို့ ပြင်ရဆင်ရတုန်း။ ဒါပေမဲ့ နေ့စဉ်တိုင်းတော့ အဲဒီလို ဝတ်စားနေတာမျိုး မဟုတ်ပါဘူး။ အိမ်မှာရှိနေတဲ့ အချိန်အများစုမှာတော့ ကျွန်မက မိတ်ကပ်မပါဘူး။ မျက်နှာပြောင် သန့်သန့်ရှင်းရှင်းနဲ့ Lip Balm လေးလောက် လိမ်းထားတာပါပဲ။ ကျွန်မရဲ့ခွေးနဲ့ အလုပ်ရှုပ်နေချိန်မျိုးတွေ၊ နေ့ခင်းပိုင်း ကွန်ပျူတာနဲ့ အလုပ်လုပ်နေချိန်တွေ၊ မြေးလေးတွေကို ကျောင်းသွားကြိုတဲ့အချိန်တွေမှာဆို မိတ်ကပ်မလိမ်းပါဘူး။ နေ့လယ်စာစားပွဲတက်ရမယ်၊ သူငယ်ချင်းတွေနဲ့တွေ့ဖို့ ချိန်းထားတာမျိုး၊ အစည်းအဝေး တက်ရတာမျိုးတွေမှာပဲ မိတ်ကပ်လိမ်းပါတယ်။

ကျွန်မရဲ့ မိတ်ကပ်လိမ်းနည်းကတော့ အမြဲတမ်း မျက်နှာကို သန့်ရှင်းရေးလုပ်ပြီး ရေဓာတ်ပြည့်အောင်လုပ်တာကနေ စတင်ပါတယ်။ စကင်းကဲနည်း (အရေပြားထိန်းသိမ်းပုံ) ကလဲ ရိုးရှင်းပါတယ်။ အိမ်မှာမျက်နှာသစ်ဆပ်ပြာသုံးတယ်၊ ခရီးသွားရင် ရေနဲ့ဆပ်ပြာပဲ။ Eye Cream (အိုင်းခရင်မ်–မျက်နှာတစ်ဝိုက်လိမ်းတဲ့ခရင်မ်) လိမ်းပြီး နေပူတဲ့နေ့ဆို နေရောင်ကာအစွမ်း SPF - 15 အနည်းဆုံးပါတဲ့ ရေဓာတ်ထိန်းဆေး (Moisturizer – မွိုင်ချာရိုက်ဇာ) လိမ်းတယ်။ ညနေခင်းမှာ တစ်နေ့တာလိမ်းထားတဲ့ မိတ်ကပ်တွေကို ဖျက်ပစ်ဖို့ မျက်နှာသေချာသစ်တယ်။ ပြီးရင် အိုင်းခရင်မ်နဲ့ နိုက်ခရင်မ် (Night Cream) လိမ်းထားလိုက်တာပဲ။

ဒီနေရာမှာ ကျွန်မ အကြံပေးချင်တာက နေရောင်ကာ (Sunscreen) အမြဲတမ်း လိမ်းပါ။ တကယ်လို့ မိတ်ကပ်မလိမ်းချင်ဘူးဆိုရင်လဲ ရပါတယ်၊ နေရောင်ကာတဲ့ ခရင်မ်ကို မလိမ်းဘူးဆိုရင်တော့ ကိုယ့်ဒုက္ခကိုယ်ရှာတယ်လို့သာ မှတ်ပါလေ။ အရေပြားနဲ့ပတ်သက်ပြီး ပူပန်သောကရောက်နေကြတဲ့ အမျိုးသမီးတွေ မရေမတွက်နိုင်အောင် တွေ့ခဲ့ဖူးပြီလို့ ကျွန်မ ရှင်တို့ကိုပြောပြလိုက်ပါရစေ။ ဒါပေမဲ့ လူအတော်များများက ဘာအကာအကွယ်မှ မယူဘဲ နေပူထဲကို ဒီတိုင်းထွက်နေကြတာပါပဲ။ အဲဒါကို ကျွန်မက 'အရေပြား ဂရုမစိုက်ခြင်း'လို့ ခေါ်တယ်။ လူတစ်ယောက်အတွက် အကောင်းဆုံးဆုံးဖြတ်ချက်က နေပူထဲ


mgyoe.com

mgyoe.com SAMPLE BOOK

ထွက်တဲ့အခါ သူတို့ရဲ့အရေပြားကို ကာကွယ်တာပါ။ ဥပမာ–ဦးထုပ်ဆောင်း၊ ထီးဆောင်းတာ၊ နေပူကာခရင်မ် လိမ်းတာမျိုးပေ့ါ။

ကော်ဇောနီပွဲမျိုးမရှိခဲ့ရင် ကျွန်မက ကိုယ့်ဘာသာ မိတ်ကပ်လိမ်းပါတယ်။ တကယ်လို့ ကော်ဇောနီပွဲတက်ဖို့ရှိတဲ့အချိန် ကိုယ့်ဘာသာလိမ်းရမယ်ဆိုရင် ရေဆေးပြီး ပရမ်းပတာထွက်လာတဲ့ပုံမျိုး ထွက်နေမှာပါ။ ပရော်ဖက်ရှင်နယ်တွေ လိမ်းပေးလိုက်တော့ ပိုပြီး အရောင်ထွက်သလို ပိုလည်းကြည့်ကောင်းတာပေ့ါ။ တစ်ခါတလေ အစိမ်းရောင် အိုင်းရှဲဒိုး၊ တစ်ခါတလေ မျက်လုံးထောင့်စွန်းကလေးတွေမှာ ရွှေရောင်လေးတွေနဲ့၊ ခုနစ်ဆယ်ကျော် အမျိုးသမီးတစ်ယောက်အတွက်တော့ အတော်လေး ကွဲပြားစေတာပေ့ါ။ ဆိုရှယ်မီဒီယာပေါ်က မှတ်ချက်တွေကလဲ အပြုသဘောဆန်တာကြောင့် ကျွန်မတို့ကလဲ အကောင်းဆုံးဖြစ်အောင် ဆက်ပြီးကြိုးစားရပါတယ်။ "ရေလည်မိုက်တယ်၊ လုံးဝ အလန်းစား၊ GOAT - Greatest of All Time (ထာဝရအတွက် အကောင်းဆုံး)၊ OG (Original Gangster)" စတဲ့ မှတ်ချက်တွေပေ့ါ။ တကယ် အားရကျေနပ်စရာပါပဲ။

ကိုယ့်ဘာသာမိတ်ကပ်လိမ်းရရင် ကျွန်မက ဆယ်မိနစ်ပဲ အချိန်ယူပါတယ်။ မိတ်ကပ်ဆရာမတွေက လိမ်းပေးတာ ခံယူရရင်တော့ တစ်နာရီလောက်ကြာပါတယ်။ ကျွန်မက တစ်နာရီလောက်အချိန်ယူပြီး လိမ်းခဲ့ရင်တောင်မှ မှန်ကန်တဲ့ပုံစံ ထွက်ချင်မှ ထွက်ပါလိမ့်မယ်။ ဘာလို့ဆို ကျွန်မမှာ အဲဒီလောက် အရည်အချင်းမရှိဘူးလေ။ အဲဒီ လူတွေက တကယ်တော်တဲ့ အနုပညာရှင်တွေပါ။ ကျွန်မက သိပ္ပံပညာရှင်လေ။ ကျွန်မမှာ အဲဒီအနုပညာရှင်တွေလုပ်တဲ့အရာမျိုး လုပ်နိုင်တဲ့ အရည်အချင်းမျိုး ရှိမနေဘူး။ ဒါပေမဲ့ အနုပညာရှင်မဟုတ်တဲ့ လူတွေတောင်မှ တချို့ ရိုးရှင်းတဲ့ အချက်လေးတွေကို သိထားပြီး အသုံးချတတ်ရင်လဲ ကောင်းကောင်းမွန်မွန် ကြည့်ပျော်ရှုပျော်ရှိအောင် ပြင်လို့ရပါတယ်။ ကျွန်မသိတဲ့ မိတ်ကပ်ဆရာမတစ်ယောက်ဆို ရှိသမျှ ပစ္စည်းတွေနဲ့အရောင်တွေကို ထည့်ထားတာ ခရီးဆောင်အိတ်ကြီးနဲ့တစ်လုံးအပြည့်ရှိတယ်။ မိတ်ကပ်ပစ္စည်းနဲ့ မိတ်ကပ်တွေချည်း ငါးဆယ့်နှစ်ပေါင်အလေးချိန်ရှိတယ်။ အဲဒီသေတ္တာကြီးကို လေယာဉ်စီးတိုင်း သယ်သွားလေ့ရှိတယ်။ နောက်ပြီး အလေးချိန်ပိုလို့ အမြဲတမ်း ပိုက်ဆံဆောင်ရပေမဲ့ သူကလဲ အဲဒီအလေးချိန်ပေါင်ပို ဆယ်ပေါင်စာလောက် လက်နက်ကိရိယာတွေကို လိုအပ်နေတတ်တာမျိုးလေ။ အဲဒါက သူ့ရဲ့အလုပ်ကိုး။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မမှာ ပွဲတက်စရာရှိလို့ ပြင်ဆင်ဝတ်စားဖို့အတွက် သူငယ်ချင်း ဂျူလီယာကို အနုပညာဒါရိုက်တာအဖြစ် ရထားတာ ကျွန်မအတွက် သိပ်ကံကောင်းပါတယ်။ အဲဒီညနေခင်းအတွက် ဘယ်သူ့ပွဲတက်ရမလဲဆိုတာပေါ် မူတည်ပြီး ကျွန်မတို့ စဉ်းစားဆုံးဖြတ်ကြပါတယ်။ လူကြားထဲမှာ ကျွန်မ ထင်ပေါ်နေစေဖို့ သေချာတွေးတောပြီး လုပ်ဆောင်ပေးပါတယ်။

\+ + + + +

ကျွန်မဆံပင်ကို သူတို့ ဘယ်လိုပြင်ပေးမှာပါလိမ့်၊ မိတ်ကပ်ကို ဘယ်လိုလိမ်းပေးမှာပါလိမ့်၊ ကျွန်မပုံစံက လန်းဆန်းတက်ကြွနေမလား၊ လေးနက်တဲ့ဟန် ပေါက်စေတဲ့ အိုင်းရှဲဒိုးဆိုးမလား၊ အရောင်ရင့်ရင့် နှုတ်ခမ်းနီဆိုးမှာလား စသဖြင့်ပေါ့။ သူက ရွှေရောင်၊ ခရမ်းရောင်၊ အပြာရောင်တွေ တောင်းဆိုတတ်ပါတယ်။ ဘယ်ကိုသွားမလဲဆိုတာကိုလဲ ထည့်သွင်းစဉ်းစားရပါတယ်။ အကြောင်းက အထူးပွဲအတွက် အထူးတလှယ် ဖန်တီးယူထားတဲ့ ဇာတ်ကောင်တစ်ကောင် ဖြစ်နေစေဖို့ လိုအပ်တယ် မဟုတ်လား။ ရုပ်ရှင်အစမ်းပြပွဲလား၊ စာအုပ်မိတ်ဆက်ပွဲလား၊ ပရဟိတရန်ပုံငွေပွဲလား။ ပြီးရင် သူတို့အလုပ် သူတို့လုပ်ကြပြီး အထူးဝတ်စုံတွေဝတ်ပြီးတက်ရတဲ့ ပါတီတွေလိုပေါ့။

\+ + + + +

အသက်ခြောက်ဆယ့်ကိုးနှစ်အရွယ်မှာ မျက်နှာဖုံးရှင်အဖြစ် ရွေးချယ်ခံရတော့ ကျွန်မအတွက် အတော်လေး ထူးဆန်းအံ့ဖွယ် ဖြစ်ခဲ့ရပါတယ်။ အရင်ကလည်း ကျွန်မက မိတ်ကပ်ကမ်ပိန်းတွေ လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်မကို အဓိကပင်တိုင်မော်ဒယ်အဖြစ် ထားပြီးရိုက်တာမျိုးတော့ မကြုံဖူးသေးပါဘူး။ ကျွန်မ အရမ်းကို စိတ်လှုပ်ရှားရပါတယ်။ အခုတော့ အမေရိကန်နိုင်ငံမှာ မိတ်ကပ်ဆိုတာ အသက်အရွယ်စုံအတွက် အဆင်ပြေတယ်လို့ မြင်လာကြပါပြီ၊ ကျွန်မက ဘယ်တုန်းကမှ အသက်ပိုငယ်တယ်လို့ ထင်ရအောင် ပြင်ပေးဖို့ တောင်းဆိုခဲ့ဖူးတာ မရှိခဲ့သလို ရောက်နေတဲ့အသက်အရွယ်ကို ကွယ်ဝှက်ဖို့ လိုအပ်နေတယ်ဆိုတဲ့ ခံစားချက်မျိုးလဲ မရှိခဲ့ပါဘူး။ အသက်ခုနစ်ဆယ့်တစ်နှစ်အရွယ် ရောက်လာရတာ ကျွန်မပျော်ပါတယ်။ ကျွန်မတို့ ဒီလိုပုံစံရှိနေတယ်ဆိုတဲ့အကြောင်း လူတွေကို အသိပေးရတာလဲ ကျေနပ်ပါတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ မိတ်ကပ်က ကျွန်မတို့ရဲ့ရုပ်သွင်ကို ပိုလှပစေပါတယ်၊ အဲဒါရဲ့အကျိုးကို လက်တွေ့အသုံးချလိုက်ကြပါစို့နော်။

☆

သားငယ်စာပေ

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၅

# ယုံကြည်မှုကစားပွဲများ

### ခေါင်းမော့ရင်ကော့ပြီး လမ်းလျှောက်ပါ။ ထောက်ထားညွှာတာထတ်ပါစေ

ယုံကြည်မှုက သင့်ကို နောက်ကောက်ကျသွားအောင် ကြိမ်ဖန်များစွာ ထိုးနှက်နိုင်ပါတယ်။ တစ်ခါတလေ ယုံကြည်မှုအတုအယောင်ကိုရစေဖို့ ခေါင်းမော့ ရင်ကော့ပြီး လျှောက်ရတတ်ပါတယ်။ ဒါဟာ ကစားပွဲတစ်ခုပါ။ ကိုယ်ဟန်အမူအရာ ခပ်ဖြောင့်ဖြောင့်က ကျွန်မ မိသားစုတွေထဲမှာ မျိုးရိုးလိုက်ပြီး ပါလာတာပါ။ မေမေက အကသမား၊ ဖေဖေက အကြောအဆစ်ပြင်တဲ့သူဖြစ်ပြီး ဖေဖေ့အမေ ဘွားဘွားက ကနေဒါနိုင်ငံရဲ့ ပထမဆုံး အကြောအဆစ်ပြင်တဲ့ ဆရာမပါ။ ကျွန်မတို့မောင်နှမတစ်သိုက်က အသက်ငယ်ငယ် ဟိုးအစောပိုင်းကတည်းက ကိုယ်ဟန်ကောင်းကောင်းထားဖို့ သင်ယူခဲ့ရပြီး ကျွန်မရဲ့ ညီအစ်မတွေဟာ အကဆရာမတွေ ဖြစ်လာခဲ့သလို ကျွန်မမောင် စကော့ကလည်း အကြောအဆစ်ပြင်ဆရာ ဖြစ်လာခဲ့ပါတယ်။ ကျွန်မတို့အားလုံး ခပ်မတ်မတ်ပဲ လျှောက်ကြပါတယ်။

ကျွန်မအဖေက အိမ်အရှေ့ဘက်ခြံဝင်းထဲမှာ နှစ်စဉ်လမ်းလျှောက်ပြိုင်ပွဲ ကျင်းပပါတယ်။ ဘယ်သူမှ အဲဒီလိုပြိုင်ပွဲမျိုး လုပ်ပေးတယ်ဆိုတာ ကျွန်မ မကြားဖူးပါဘူး။ သူက တကယ့်ကို အရောင်းမြှင့်တင်ရေးသမားကောင်းတစ်ယောက်ပါ။ သူ့လူနာတွေ အားလုံး၊ သူတို့ရဲ့ သူငယ်ချင်းမိတ်ဆွေတွေအားလုံးကို ဖိတ်ခေါ်ပြီး ဆေးခန်းရဲ့အရှေ့ဘက် ခြံဝင်းထဲမှာ ပြိုင်ပွဲလေးလုပ်ပေးပါတယ်။ မေမေက ပေါင်မုန့်တွေ အများကြီးဖုတ်ထားပြီး ရေခဲခဲထားပါတယ်။ ကျွန်မတို့ဆီမှာ ဖရီဇာလို့ခေါ်တဲ့ ရေခဲသေတ္တာ အကြီးကြီး ရှိပါတယ်။ လူတစ်ထောင်လောက်ကို ညှော်ခံကျွေးမွေးနိုင်လောက်တဲ့ ပေါင်မုန့်တွေကို ထည့်သိမ်းလို့ ရလောက်တဲ့အထိ ကြီးပါတယ်။ လက်ဖက်ရည်တွေ၊ ကော်ဖီတွေနဲ့လဲ ညှော်ခံပါတယ်။ ညှော်သည်တွေအားလုံး ခြံဝင်းထဲမှာ ထိုင်လိုက်ပြီးပြီဆိုတာနဲ့ ပြိုင်ပွဲက စတင်ပါပြီ။ ပြိုင်ပွဲမှာ

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်ဟန်အကောင်းဆုံးလူက အနိုင်ရပါတယ်။ လူတိုင်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီး ပျော်နေပုံရပါတယ်။

+ + + + +

လူတွေက ကျွန်မရဲ့ ကိုယ်ဟန်ကို တစ်ဘဝလုံး မှတ်ချက်ပြုပြောလာခဲ့ကြပါတယ်။ အခုနောက်ပိုင်းလူတွေက ဒါဟာ မော်ဒယ်လုပ်ခြင်းကြောင့် ဖြစ်လာတာလို့ ပြောပေမဲ့ တကယ်တော့ လုံးဝမဟုတ်ပါဘူး။ ဒါဟာ မိသားစုအမွေအဖြစ် လက်ခံရရှိလာတာပါ။ တကယ်လို့ လူတစ်ယောက် ခေါင်းမော့ရင်ကော့ပြီးလျှောက်လာတာကို မြင်လိုက်တဲ့အခါ ကိုယ်ကိုယ်တိုင်လဲ အဲဒီလိုဖြစ်ချင်စိတ် ပေါ်မလာဘူးလား တွေးကြည့်ပါ။ ဟုတ်ပါတယ်၊ စာဖတ်သူကိုယ်တိုင်လဲ သေချာလေ့ကျင့်ရင် အဲဒီလိုနေနိုင်ပါတယ်။ ကိုယ်ကိုကိုင်းထားရင် ဝမ်းနည်းပြီး စိတ်လှုံ့ဆော်မှုမရှိတဲ့ပုံ ပေါက်စေပါတယ်။ ခေါင်းမော့ ရင်ကော့ပြီးလျှောက်တဲ့အခါမှာတော့ အားမာန်အပြည့်နဲ့ ယုံကြည်မှုရှိတဲ့ပုံ ပေါက်စေပါတယ်။ တကယ်လို့ ရှင်က ယုံကြည်မှုရှိတဲ့ပုံ ပေါက်ချင်တယ်၊ အဲဒီလို ခံစားရချင်တယ်ဆိုရင်တော့ ကိုယ်ဟန်ကိုထိန်းခြင်းကနေ စပါ။ မတ်မတ်ရပ်ပါ၊ ပခုံးတွေကိုဖွင့်ထားပြီး မျက်နှာမှာ ချို့ရွှင်တဲ့ အမူအရာရှိပါစေ။ နောက်ပြီး လူတွေနဲ့ စကားပြောတဲ့အခါ သူတို့ကို တည့်တည့်ကြည့်ပါ။ အကြည့်မလွှဲပါနဲ့။ ဒါကို ယုံကြည်မှုကစားပွဲလို့ ခေါ်ပါတယ်။

+ + + + +

ကိုယ်ဟန်အနေအထားအပြင် စိတ်နေစိတ်ထားကလဲ အရေးကြီးပါသေးတယ်။ ကျွန်မက စကားကို တိုးတိုးလေးပြောပြီး အလေ့အကျင့်ကောင်းတဲ့ မိဘတွေနဲ့ ကြီးပြင်းလာရတာပါ။ ဒါဟာ သူတို့တွေ ကနေဒါနိုင်ငံသားတွေ ဖြစ်နေတာကြောင့်လဲ ပါပါလိမ့်မယ်။ သူတို့တွေဟာ အမြဲတမ်း ယဉ်ကျေးသလို တစ်ပါးသူအတွက်လဲ စဉ်းစားပေးတတ်ပါတယ်။ မော်ဒယ်သင်တန်းမှာတော့ ကျင့်ဝတ်အတန်းဆိုတာ ရှိပါတယ်၊ အဲဒီမှာ စားသောက်ဆိုင်မှာ အစားအသောက်မှာတဲ့ပုံကစလို့ ဘယ်ခက်ရင်း၊ ဘယ်ဓားကို ဘယ်လိုသုံးရမလဲဆိုတာတွေကို သင်ပေးပါတယ်။

ကျွန်မက တစ်သက်လုံး ဆောင်လာခဲ့တဲ့ စားသောက်ပုံကျင့်ဝတ်တွေကို အသုံးချပါတယ်။ တောင်အာဖရိက ဘလွန်းဖွန်တိန်းက မော်ဒယ်သင်တန်း ..ကျောင်းမှာ သင်တန်းသားတွေကို သင်ပေးရတဲ့အချိန်မှာလည်း ကျင့်ဝတ်သင်တန်းကို သင်ပေးရပါတယ်။ ဒါဟာ မော်ဒယ်တွေအတွက်ချည်း မဟုတ်ပါဘူး။ မိဘတွေကလည်း တက္ကသိုလ်တက်


mgyoe.com

mgyoe.com
SAMPLE BOOK

နေတဲ့၊ ကျောင်းတက်နေတဲ့ သူတို့သားသမီးတွေကို အလေ့အကျင့်ကောင်းတွေ သင်ပေးဖို့ ကျွန်မဆီကို ပို့တတ်ကြပါတယ်။

ကျွန်မရဲ့မော်ဒယ်တွေအားလုံးအတွက် ကျွန်မရဲ့ သင်ကြားမှု တစ်စိတ်တစ်ပိုင်းက အချိန်အတိအကျရောက်လာဖို့၊ စကားကိုရှင်းလင်းပီသစွာပြောဖို့နဲ့ မရှက်ဖို့တွေပါ။ အလေ့အကျင့်ကောင်းတွေ ရှိလာခဲ့ရင် ကြိမ်းသေပေါက် ယုံကြည်မှုတိုးလာမှာပါ။ တခြားသူတွေရဲ့ အမြင်မှာလဲ ယုံကြည်မှုရှိတယ်လို့ မြင်ရစေပါလိမ့်မယ်။ အလေ့အကျင့်ကောင်းတွေရှိတဲ့ တစ်စုံတစ်ယောက်ကို ကျွန်မမြင်လိုက်ရရင် အသိအမှတ်ပြုလေ့ ရှိတတ်ပါတယ်။ နောက်ပြီး အလေ့အကျင့်ကောင်းတွေရှိဖို့လဲ အလွန်လွယ်ကူပါတယ်။

ကျွန်မသားသမီးတွေနဲ့ မြေးတွေကို သူတို့ကိုယ်သူတို့ ဂုဏ်ယူစွာ၊ ယဉ်ကျေးစွာ ကြီးပြင်းလာစေဖို့၊ ကိုယ်နေဟန်ထား ကောင်းမွန်ဖို့၊ စိတ်ထားကောင်းမွန်ဖို့ အမြဲတမ်း လိုလားခဲ့ပါတယ်။ နောက်ပြီး ကျွန်မမိဘတွေ ကျွန်မတို့အပေါ် စံနမူနာပြခဲ့သလို ကျွန်မက သူတို့အတွက်လဲ ဥပမာကောင်းတစ်ခု ဖြစ်စေမယ်လို့ ထင်မိပါတယ်။



သားကြီးအီလွန်မှာ သားငါးယောက်ရှိပါတယ်။ ကျွန်မ လော့စ်အိန်ဂျလစ်ကို ပြောင်းတဲ့အခါ မိသားစုညစာအတူစားလေ့ရှိတတ်ပါတယ်။ အဲဒီအခါမှာ ကမ္ဘာပျက်သလိုပါပဲ။ လူတိုင်းက အော်ဟစ်ပြီး စကားလုပြောနေတော့ ဘယ်လောက်အထိ ဆူညံနေမယ်ဆိုတာ တွေးကြည့်လို့ရမယ်ထင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

''အခုအချိန်ကစပြီး တစ်ပတ်စီမှာ ကောင်လေးတစ်ယောက်ချင်းစီနဲ့ မေမေ မိနစ်သုံးဆယ်အတူရှိနေပေးမယ်''လို့ ကျွန်မက ကြေညာလိုက်တယ်။

သောကြာနေ့ နေ့လယ်ခင်းတွေမှာ ကျွန်မက သူတို့အိမ်ကိုသွားတယ်၊ မြေးတွေနဲ့ အတူတူထိုင်ပြီး ကျောင်းစာတွေအကြောင်း၊ သူတို့ဘာလုပ်ချင်သလဲ၊ ဘာကို စိတ်ဝင်စားသလဲဆိုတဲ့အကြောင်းတွေ စကားပြောကြတယ်။ တစ်ခါတလေ သူတို့နဲ့ ဂိမ်းကစားတာ၊ စာအုပ်ဖတ်တာတွေ လုပ်တတ်ပါတယ်။

နောက်တော့ သူတို့ စားသောက်ဖို့ စားပွဲဆီ ကျွန်မ ခေါ်လာပါတယ်၊ ယဉ်ကျေးမှုရှိရှိ ဘယ်လိုစားရမလဲ၊ စကားကို ယဉ်ယဉ်ကျေးကျေး ဘယ်လိုပြောရမလဲ၊ စကားပြောဖို့ အခွင့်အရေးရဖို့ ဘယ်လိုစောင့်ရမလဲနဲ့ တစ်ယောက်နဲ့တစ်ယောက် အော်မပြောဖို့ စတဲ့ အမူအကျင့်တွေကို ကျွန်မက သူတို့ကိုသင်ပြပေးတယ်။

''ပါးစပ်ကိုပိတ်ပြီးဝါးရတယ်''

''အစားအသောက်တွေ ပါးစပ်ထဲမှာ ပြည့်နေတုန်း စကားမပြောရဘူး''

ဓားနဲ့ ခက်ရင်းကို ဘယ်လိုသုံးရသလဲ သေချာသင်ပေးတယ်။ သူတို့ကလည်း ကျွန်မသင်ပေးလိုက်တာနဲ့ တတ်သွားပါတယ်။

''မင်းတို့ စားလို့ သောက်လို့ပြီးသွားတဲ့အခါ ပန်းကန်ကို မီးဖိုထဲယူသွား၊ ဒါပေမဲ့ မင်းတို့ဖေဖေနဲ့ ဘွားဘွားရဲ့ပန်းကန်ကို ယူသွားပေးရမယ်။ နောက်ပြီး မင်းတို့ဖေဖေကို ဒီနေ့တစ်နေ့စာ ဘာလုပ်ခဲ့သလဲဆိုတာကို ပြောမဲ့အစား သူ တစ်နေ့စာအလုပ်ထဲမှာ အဆင်ပြေခဲ့ရဲ့လားလို့ မေးရမယ်''လို့ သူတို့ကိုသင်ပေးထားလိုက်တယ်။

နောက်တစ်ကြိမ် ညစာအတူထပ်စားဖြစ်တော့ ကလေးတွေက လိမ်လိမ်မာမာ ကျွန်ရြေရရ ရှိနေကြတယ်။ အီလွန် ညစာစားဖို့ စားပွဲကိုရောက်လာပြီး ထိုင်လိုက်တော့ သူ့သားတစ်ယောက်က လှမ်းမေးတယ်။

''ဖေဖေ တစ်နေ့စာအလုပ်မှာ အဆင်ပြေရဲ့လား ခင်ဗျာ''

အီလွန် အံ့သြသွားတယ်။

နောက်သားတစ်ယောက်က လှမ်းပြောတယ်။

''ငါ အရင်မေးမှာ''

နောက်တစ်ယောက်ကလဲ ထပြောတယ်။

''မဟုတ်ဘူး ... ငါ အရင်မေးချင်တာကွ''


mgyoe.com

mgyoe.com
SAMPLE BOOK

ဒီလိုနဲ့ ရယ်စရာ၊ ပျော်စရာလေးဖြစ်ခဲ့တာပေါ့။

နောက်တော့ သူတို့လေးတွေက ဖအေဖြစ်သူရဲ့ပန်းကန်ကို မီးဖိုချောင်ထဲ ယူသွားပေးဖို့ လုကြပြန်ရော။ ကျွန်မကပြောရတယ်၊ အဲဒီတာဝန်ကို အလှည့်ကျယူရမယ်လို့။

နှစ်ပေါင်းများစွာကြာပြီးတဲ့နောက် ဒီနေ့အချိန်မှာတော့ သူတို့လေးတွေက လိမ္မာယဉ်ကျေးပြီး သိတတ်တဲ့ကလေးတွေ ဖြစ်နေကြပါပြီ။ ကျွန်မလဲ သူတို့အတွက် အလွန်ဂုဏ်ယူနေမိပါတယ်။

ကိုယ်က ကောင်းကောင်းမွန်မွန်ဆက်ဆံရင် လူတွေကလဲ ကိုယ့်ကို အသိအမှတ်ပြုပါလိမ့်မယ်။ ပြီးတော့ ဒါဟာ အော်ဟစ်သောင်းကျန်းနေတာ၊ ပတ်ပြေးပြီး ခုန်ပေါက်နေတာတွေထက် ပိုပြီး သိက္ခာရှိပါတယ်။ ဒီလိုလုပ်ခြင်းကြောင့် တခြားလူတွေကလဲ ကိုယ်နဲ့အတူ ရှိနေရတာကို ချစ်ခင်နှစ်သက်ပါလိမ့်မယ်။

တကယ်လို့များ စာဖတ်သူက သဘာဝအတိုင်း ယုံကြည်မှုမြင့်မားတဲ့သူဆိုရင် ဘဝရဲ့ အရိုက်အပုတ်၊ အထုအထောင်းတွေကြောင့် ရှင့်ရဲ့ယုံကြည်ချက်တွေ တိုးတာ၊ လျှော့တာဖြစ်နိုင်ပါသေးတယ်။ အသက်အရွယ်ကြီးရင့်လာတာနဲ့အမျှ ယုံကြည်မှုပျောက်ဆုံးနေတဲ့အချိန်တိုလာပါစေလို့ ကျွန်မ ဆုတောင်းပေးပါတယ်။ အသက်ခုနစ်ဆယ်တန်းရောက်လာတဲ့အခါ စာဖတ်သူတွေရဲ့စိတ်ထဲ ကျွန်မမှာ ယုံကြည်မှုတွေ နည်းပါးလာပြီလို့ ထင်နေနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ယုံကြည်မှုကတော့ အရင်ကထက်တောင် တိုးပွားလာပါသေးတယ်။ ဘာလို့လဲဆိုတော့ ကျွန်မကို ငြင်းပယ်တာတွေ၊ စော်ကားမော်ကားပြုတာတွေအတွက် ပူပန်သောကရောက်နေစရာ မရှိတော့လို့ပါပဲ။ မော်ဒယ်တစ်ယောက်အနေနဲ့တော့ ကျွန်မဟာ ဆယ်ကြိမ်မှာ ကိုးကြိမ်တိတိ အငြင်းခံရဖူးပါတယ်။ တကယ်လို့ ရှင်ဟာ ယုံကြည်မှုပျောက်ဆုံးနေတယ်ဆိုရင် ဘာကြောင့် အဲဒီလိုဖြစ်ရသလဲဆိုတာရဲ့ အကြောင်းရင်းကို ရှာဖို့လိုပါတယ်။ အမျိုးသမီးတော်တော်များများက မိမိကိုယ်ကို ယုံကြည်မှုမရှိကြပါဘူး။ သူတို့တွေက အရာရာတိုင်းမှာ တော်နေ၊ တတ်နေရမယ်လို့ ထင်မှတ်ထားတတ်ကြပြီး လူတွေက ဝေဖန်တိုက်ခိုက်လိုက်တာနဲ့ ပုံလျက်သား လဲကျသွားတတ်သလို ထိုးနှက်ချက်တွေကို ရင်ထဲမှာသိမ်းထားပြီး ဘယ်လိုအရာမှာမှ အောင်မြင်အောင်မလုပ်နိုင်ကြတော့ပါဘူး။ ကိုယ်တော်တဲ့၊ ကျွမ်းကျင်တဲ့အရာကို လေ့ကျင့်ပါ။ နောက်ပြီး အရာရာတိုင်းမှာ အကောင်းဆုံးဖြစ်ဖို့ အတင်းအကျပ် မကြိုးစားပါနဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

ကလေးဘဝက ကျွန်မ ကျောင်းစာမှာ တော်တယ်၊ အားကစားမှာ အတော်လေး လျှော်တယ်၊ ကစားနည်းမျိုးစုံကစားဖို့ ကြိုးစားလဲ ညံ့နေတုန်းပဲ။ ကျွန်မရဲ့ အမြွှာအစ်မ ကေးလ်ကတော့ ကျောင်းစာမှာ မတော်ပေမဲ့ မွေးရာပါ အားကစားသမား။ ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ယူသလို တစ်ယောက်ရဲ့အောင်မြင်မှုကို တစ်ယောက်က ချီးကျူးအားပေးဝမ်းသာတတ်ကြတယ်။ သေချာတာကတော့ ယုံကြည်ချက်ပျောက်ဆုံး မသွားဘူးဆိုတာပဲ၊ ဘာလို့လဲဆိုတော့ ကျွန်မတို့က နှစ်ဘက်လုံးမှာမထူးချွန်နိုင်ကြဘူးလေ။

တကယ်လို့ ရှင်က ပုံမှန်အားဖြင့် ယုံကြည်ချက်ရှိတယ်။ နောက်တော့ အဆိုးဆုံး နေ့တွေမှာ အဲဒီယုံကြည်ချက် လွင့်ပါးပျောက်ကွယ်သွားတယ်ဆိုရင် ဘာကြောင့် အဲဒီနေ့က ဆိုးရွားနေတယ်ထင်ရသလဲ ပြန်ဆန်းစစ်ပါ။ ဘယ်လိုအရာက ရှင့်ရဲ့ယုံကြည်ချက်ကို နောက်ကောက်ကျသွားအောင် ထိုးနှက်ပစ်လိုက်သလဲ။ တစ်စုံတစ်ယောက်က အမှန် တကယ် နာကျင်ခံစားရစေမဲ့ မှတ်ချက်မျိုး ပေးလိုက်လို့လား။ သူတို့အနေနဲ့ရော ဒါက ရှင့်အတွက် နာကျင်ခံစားရစေတယ်ဆိုတာ သိသလား။ ဘာကြောင့်မို့ ရှင်ကရော အဲဒီ မှတ်ချက်ကြောင့်အတွက်နဲ့ ဒီလောက်အထိ ခံစားသွားရတာလဲ စသဖြင့်ပေါ့။ တစ်ခါတလေ အလုပ်မှာ တချို့လူတွေက ရှင်တော်ချင်၊ တတ်ချင်တဲ့ တချို့ကိစ္စတွေမှာ ပိုတော်နေတာ မျိုးကို တွေ့ဖူးကြပါလိမ့်မယ်။ ကိုယ့်ကျွမ်းကျင်လိမ္မာရာကို ဖိကြိုးစားရင်း ကိုယ့်ထက် ပိုအတွေ့အကြုံရှိတဲ့၊ ပိုတော်တဲ့သူတွေဆီကနေ သင်ယူပါ။

ကျွန်မ အိမ်ထောင်ကွဲသွားပြီးတဲ့နောက် ပျော်ရွှင်စရာ မိသားစုတစ်စုရှိနေတာ၊ ပျော်ရွှင်တဲ့ကလေးတွေကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့တာ၊ ကိုယ့်အပေါ် ခင်မင်ကြင်နာမှုရှိတဲ့ သူငယ်ချင်းမိတ်ဆွေတွေနဲ့ တွေ့ဆုံပေါင်းသင်းခွင့်ရခဲ့တာတွေအပြင် မော်ဒယ်တစ်ယောက် အဖြစ်ရော အာဟာရဗေဒပညာရှင်တစ်ယောက်အဖြစ်ပါ အောင်မြင်လာတာတွေကြောင့်ပါ ယုံကြည်ချက်တွေ တိုးပွားလာပါတယ်။

ယုံကြည်ချက်ပျောက်ဆုံးသွားတဲ့အခါ ပြန်လည်တည်ဆောက်ဖို့အတွက် အပြောင်းအလဲတွေလုပ်ဖို့လိုပါတယ်။ တစ်ချိန်လုံး စိတ်ဓာတ်ကျနေတယ်ဆိုတာကတော့ ဆက်လက်ရှင်သန်ရမဲ့နည်းလမ်း မဟုတ်သေးပါဘူး။ ကိုယ်ဘယ်သူလဲဆိုတာကို အမှန် တကယ် လက်ခံအားပေးမဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက် တွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဝန်းရံထားလိုက်ပါ။ ဒါက ရှင့်ကို ခေါင်းမော့ရင်ကော့ပြီး ယုံကြည် ချက်တွေ တိုးလာစေမှာ အမှန်ပါပဲ။

☆

သားငယ်စာပေ

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း – ၂

# စွန့်စားခန်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၆

## ပန်းတွေပွင့်တဲ့ရာသီ

### ကိုယ့်လမ်းကိုယ်ထွင်ပြီးလျှောက်ပါ

လူတော်တော်များများက ဓလေ့ထုံးစံဆိုတာကို တစ်သဝေမတိမ်းလိုက်နာတတ်ကြပါတယ်။ ဖေဖေကတော့ အဲဒီလိုလူစားမျိုး မဟုတ်ပါဘူး။ သူက တစ်မူထူးခြားပါတယ်။ ကမ္ဘာပတ်ချင်သူပါ။

ဂျိုရှုအာဟယ်လ်ဒီမန်ဆိုတဲ့ ကျွန်မဖေဖေဟာ စူးစမ်းလေ့လာရတာကို သဘောကျသူဖြစ်ပြီး လေယာဉ်မောင်းတာလဲ ကျွမ်းကျင်ပါတယ်။ အဲဒါကြောင့် ကျွန်မဟာ ဘယ်လန်ကာလေယာဉ်နဲ့ ဖက်ပြီးကြီးပြင်းလာရတယ်ဆိုပါတော့။ အဲဒီလေယာဉ်ဟာ ကင်းဗတ်စ (ပတ္တူစ) အထူသားတွေနဲ့ ပြုလုပ်ထားပြီး ပန်ကာအကြီးကြီးတစ်လုံးပဲ ခေါင်းထိပ်မှာ ပါပါတယ်။ နာမည်ကိုတော့ မေမေ့နာမည်အတိုင်း ဝင်နီလို့ ပေးထားပါတယ်။

မေမေ့နာမည်က ဝင်နီဖရက်ပါ။ လူတိုင်းကတော့ သူ့ကို ဝင်းလို့ပဲခေါ်ကြတယ်။ မေမေက တကယ်တော်တဲ့သူပါ။ ကျွန်မ အသက်ရလာလေလေ သူ့ရဲ့ ဉာဏ်ပညာကို ပိုပြီးနားလည်သဘောပေါက်လာလေလေပါပဲ။

သူ့ရဲ့မိဘတွေက အင်္ဂလန်ကနေ ကနေဒါကို ပြောင်းရွှေ့အခြေချလာကြသူတွေပါ။ မေမေကတော့ မုစ်ဂျောလို့ခေါ်တဲ့ မြို့ကလေးမှာ ကြီးပြင်းလာပါတယ်။ ဖေဖေ့မိသားစုကတော့ ဆွစ်ဇာလန်ကနေ ဖီလာဒဲလ်ဖီးယားကို ၁၇၂၇ မှာ ပြောင်းရွှေ့အခြေချပါတယ်။ သူ့ကို မင်နီဆိုးတာမှာ မွေးပြီး အသက်လေးနှစ်အရွယ်မှာ မိသားစုလိုက် ကနေဒါနိုင်ငံ ဆပ်စ်ကက်ချီဝမ်နယ်က ဝေါလ်ဒက်ဆိုတဲ့ ရွာကလေးမှာ မွေးမြူစိုက်ပျိုးရေးခြံလုပ်ငန်းနဲ့ အခြေချနေထိုင်ဖို့ ပြောင်းရွှေ့လာခဲ့ကြပါတယ်။

ကျွန်မမိဘတွေက ကမ္ဘာ့စီးပွားပျက်ကပ်ကြီးပြီးစမှာ ဖူးစာဆုံပါတယ်။ ကနေဒါနိုင်ငံရဲ့ စီးပွားပျက်ကပ်က အတော်လေးဆိုးဝါးနေတဲ့အချိန် လူတွေက တန်းစီပြီး မိသားစု

mgyoe.com